အောင်စည်နေမျိုး စာအုပ်တိုက်

# နေမိုးကျော် အလှရှာပုံတော်

နှင့်

## အခြားဝတ္ထုတိုများ




နေမိုးကျော်
အလှရှာပုံတော်
အခြားဝတ္ထု

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်အကြိမ် | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ဒီဇင်ဘာလ၊ ၂၀၁၄ ခုနှစ် |
| ကွန်ပျူတာစာစီ | - | ကြယ်ပွင့် |
| မျက်နှာဖုံး | - | စိုးအောင် |
| အဖုံး၊အတွင်းဖလင် | - | EAGLE |
| စာအုပ်ချုပ် | - | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် မျက်နှာဖုံးပုံနှိပ် | - | ဇမ္ဗူမော်ပုံနှိပ်တိုက် အမှတ် ၂၈၄၊ ၃၉လမ်း(ထက်) ရန်ကုန်။ |
| ထုတ်ဝေသူ | - | ဦးသန့်ဇင်ထွန်း ကြယ်ပွင့်စာပေ(မြ-၀၄၆၆၅) အမှတ် ၄၄(ဘီ)၊ ၈၇ လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၀၈. ၈၄

နေမိုးကျော်

အလှရှာပုံတော်/နေမိုးကျော်-ရန်ကုန်။

ကြယ်ပွင့်စာပေ၊ ၂၀၁၄။

၉၆ - စာ။ ၁၂ စင်တီမီတာ × ၁၈ စင်တီမီတာ

(၁) အလှရှာပုံတော်


# မာတိကာ


| | | |
|---|---|---|
| ၁။ | နေမိုးကျော်၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း | ၇ |
| ၂။ | အလှူရှာပုံတော် | ၅ |
| ၃။ | သင်းတပျံ့ပျံ့ | ၂၇ |
| ၄။ | ရင်နာပြုံး | ၇၇ |
| ၅။ | မေတ္တာစိမ့်စမ်း | ၅၇ |
| ၆။ | အပူနှင့်အအေး | ၆၉ |

# နေမိုးကျော်၏
# ကိုယ်ရေးမှတ်တမ်းအကျဉ်း

သံတွဲခရိုင်၊ ဂွမြို့နယ်၊ ရေကျော်ရွာ၌ ဦးလူဟန်၊ ဒေါ်မရင်တို့မှ ၁၉၄၁ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် ဖွားမြင်သည်။ မွေးချင်းညီအစ်ကို ၃ ဦးတွင် ဒုတိယမြောက်ဖြစ်သည်။ အမည်ရင်း ဦးဘတင့်ဖြစ်သည်။ ၁၉၆၂ တွင် တန်းမြင့်လက်မှတ်ရ H.S.F အောင်မြင်သည်။ ၁၉၆၇ ခုနှစ်တွင် ပြန်ကြားရေးဌာနမှ စာပေဗိမာန်တွင် ဝင်ရောက်၍ အလုပ်လုပ်ကိုင်ခဲ့သည်။ ၁၉၆၈ တွင် 'ကြက်တူရွေး' ဆောင်းပါးဖြင့် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ သွေးသောက်၊ မြဝတီ၊ ငွေတာရီ၊ ဖြူနီညိုပြာ၊ စန္ဒာ၊ ရွှေသွေး၊ တေဇ၊ အိုးဝေနှင့် ဗိုလ်တထောင်သတင်းစာတို့တွင် စာပေများ ရေးသားခဲ့သည်။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလတွင် 'ဤမှန်သော သစ္စာစကားကြောင့်နှင့် အခြားဝတ္ထုတိုများ' စာအုပ်ကို ထုတ်ဝေခဲ့သည်။ ယခု ဇနီး၊ သမီးတို့နှင့်အတူ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့တွင် နေထိုင်လျက်ရှိသည်။

# အလှရှာပုံတော်





ကိုမြင့်သိန်း၏ ဖိတ်ခေါ်ချက်ကြောင့် ကျွန်တော်သည် ရန်ကုန်မှ မော်လမြိုင်သို့ ရောက်နေရသည်။ သူ၏စာတွင် ကျွန်တော့်ကို ပန်းချီဆရာတစ်ဦးအတွက် ရန်ကုန်ဝန်းကျင်မှ ရှုခင်းရှုကွက်တို့မှာသာ နစ်မျောမနေဘဲ မော်လမြိုင်သို့လာကာ အသီသစ် အမြင်သစ် ရှုခင်းရှုကွက်သစ်တို့ကို ရှာဖွေရန်၊ ပြည်သူ့ဘဝနှင့် နီးစပ်သော ပန်းချီကားချပ်များ ရေးဆွဲရန် စသည် စသည်တို့ကို ဖော်ပြရင်း မော်လမြိုင်သို့ ဖိတ်ခေါ်ခဲ့သည်။

ထို့ကြောင့် ကျွန်တော်သည် မော်လမြိုင်သို့ ရောက်နေသည်မှာ ယနေ့နှင့်ပါဆိုလျှင် တစ်ပတ်ခန့်လောက် ရှိနေပေပြီ။

မော်လမြိုင်ဝန်းကျင်ရှိ ရှုခင်းတို့သည် ကျွန်တော့်အား ပန်းချီရေးခြယ်ရန်အတွက် ဖိတ်ခေါ်နေပါ၏။ ပြည်သူ့ဘဝ၊ ပြည်သူ့လှုပ်ရှားမှုတို့ကို ကျွန်တော်လို ပန်းချီဆရာ၏ မျက်စိတွင် အနုစိတ်မြင်နေရပါ၏။ သို့သော် ဘာတစ်ခုကိုမျှ စတင်မရေးဖြစ်သေး။ နယ်သစ်၊ ပယ်သစ်သို့ စတင်ရောက်ရှိလာသူတို့၏ ထုံးစံအတိုင်း သွားရင်းလာရင်း၊ လည်ရင်းပတ်ရင်းနှင့်သာ အချိန်ကုန်နေရသည်။

သို့သော် ယနေ့တွင်တော့ ကိုမြင့်သိန်း၏ စီစဉ်ပေးချက်အရ မင်းဆွေမင်းမျိုးဖြစ်သော ရွှေခေတ်ဟောင်း ပန်းချီဆရာနေထိုင်ရာ

တောင်ရိုးတန်းဘက်ဆီသို့ မြင်းလှည်းငှားကာ ကျွန်တော်တစ်ဦးတည်းပင် ထွက်လာခဲ့သည်။

'ထိပ်တင်ဦးမောင်မောင်ကြီးအိမ်ဟာ ဒီအိမ်ပါပဲဆရာ' မြင်းလှည်းဆရာက လမ်းဘေးတွင် မြင်းကိုရပ်ကာ ခြံကျယ်ကြီးထဲမှ အိမ်မြင့်ကို ညွှန်ပြလိုက်သည်။

ကျွန်တော်သည် တံခါးမရှိသော ဝန်းခြံဝမှ အိမ်ကြီးဆီသို့ လျှောက်ခဲ့သည်။ အိမ်မှာ ဆင်ဝင်နှင့် တစ်ထပ်အိမ်မြင့်ဖြစ်သော်လည်း ဟောင်းအိုလှပေပြီ။ အိမ်ပေါ်သို့တက်သော လှေကားဘောင်တို့၏ အစိတ်အပိုင်းအချို့၌ ခြကိုက်ရာများဖြင့် ပြည့်နေသည်။

ကျွန်တော်သည် လှေခါးထိပ်သို့ရောက်သောအခါ တံခါးကို ခေါက်လိုက်သည်။ အိမ်၏ အတွင်းဘက်ဆီသို့လည်း နားစွင့်လိုက်သည်။ တံခါးဆီသို့ လာနေသော ခြေသံကို ကြားနေရသည်။ မကြာမီမှာပင် တံခါးပွင့်လာသည်။ ကျွန်တော်သည် မျက်နှာကို အတတ်နိုင်ဆုံးပြုံးထားလိုက်ပြီး တံခါးဖွင့်သူအား ကြည့်လိုက်သည်။

ကျွန်တော်၏အကြည့်မှာ တံခါးဖွင့်သူ မိန်းမပျို၏ မျက်နှာတွင်သာ တန့်ရပ်နေသည်။ ပြီးတော့ ကျွန်တော် ကျက်မှတ်ခဲ့ဖူးသော မင်းဇေယျရန္တမိတ်၏ 'စင်ကြည်မွတ်လှဲ၊ နွဲ့လည်းမချဉ်း၊ ကြည်းလည်းမရွှင်၊ ဝင်းလည်းမဝါ၊ ပြာလည်းမညို့၊ ပျို့လည်းမဖွံ့၊ မြင်တိုင်းအံ့သား၊ လွတ်ခံစတော၊ ဆင်းသရေကို' ဟူသော စာသားအချို့အဝက်ကို သတိရလိုက်မိသည်။

မဖြူမညိုသော အသားပေါ်တွင် စိမ်းဖန့်နက်မှောင်၍ သွယ်တန်းသော မျက်ခုံးအောက်မှ မျက်လုံးအစုံမှာ ညို့ရီကာ အရည်လဲ့နေသည်။ နှာတံမြင့်မြင့်ကလေး အောက်နားမှ ပန်းနုရောင်လွှမ်းနေသည့် နှုတ်ခမ်းမှာ ပွင့်အာတော့မည့် ကြာဖူးငုံကဲ့သို့ဖြစ်နေသည်။ သူမ၏သွင်ဟန်

မှာ ညှိုးနွမ်းမနေသော်လည်း ဖျတ်ဖျတ်လတ်လတ်မရှိဟု ကျွန်တော့်ရင်ထဲမှ ခံစားနေရသည်။ 'ဘဘကြီးဘုရားနဲ့ တွေ့ချင်တယ်ဆိုတဲ့ ဦးဘမိုးထင်ပါရဲ့'

'ဩော် . . . ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော်ပါပဲ, ကျွန်တော်က မိန်းမပျိုထံမှ မျက်လုံးအစုံကို ကပျာကရာလွှဲပြီး ကတိုက်ကရိုက်ဖြေလိုက်သည်။

'ဦးမြင့်သိန်းက ပြောထားလို့ မှန်းဆကြည့်တာပါ။ ဘကြီးဘုရားနဲ့ တွေ့ရအောင် အတွင်းခန်းကို ကြွပါရှင် . . .'

မိန်းမပျိုက အတွင်းခန်းဘက်သို့ ညင်သာစွာ လျှောက်လှမ်းနေသည်။ ကျွန်တော်က မိန်းမပျို၏ နောက်နားမှကပ်လိုက်ရင်း အိမ်ကြီး၏ အခန်းအခြေအနေကို တစေ့တစောင်း အကဲခတ်မိသည်။ ဧည့်ခန်းမှတစ်ပါး ကျန်အစိတ်အပိုင်းအားလုံးလိုလိုပင် အခန်းဖွဲ့ထားလေသည်။ ကျွန်တော် ယခု သွားနေရသည်မှာပင် ဧည့်ခန်းနှင့်တကွ အခြားတစ်ခန်းကို ကျော်ဖြတ်နေရပေပြီ။

'ဘဘကြီးဘုရား ဧည့်သည်ကို လက်ခံတွေ့ဆုံတဲ့ အခန်းကတော့ ဒီအခန်းပါပဲရှင်၊ သူ့ဆီကို ဧည့်သည်တွေလည်း လာခဲပါတယ်'

ကျွန်တော်က မိန်းမပျို၏စကားကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း အခန်းထဲသို့ကြည့်လိုက်သည်။ အခန်းမှာ အလင်းရောင်အားနည်းပြီး ခပ်မှောင်မှောင်ဖြစ်နေသောကြောင့် မြင်ကွင်းတို့မှာ မသဲကွဲလှ။

'ကဲ . . . အခန်းထဲ သွားကြရအောင်' မိန်းမပျို အခန်းထဲကို ဝင်သကဲ့သို့ ကျွန်တော်လည်း ကိုယ်ကိုကျုံ့ဝင်လိုက်သည်။

'ဘဘကြီးဘုရား၊ ဧည့်သည် ရောက်နေပါပြီ' မိန်းမပျိုစကားကြောင့် အခန်း၏တစ်နေရာမှ အဘိုးအိုတစ်ဦး မတ်တတ်ရပ်လိုက်သည်။

'ပြတင်းပေါက်တွေဖွင့်လိုက်ပါ ခင်ဖုန်းမြတ်ရယ်' အဘိုးအို၏ အသံမှာ တိုးတိတ်ညင်သာလွန်းလှသည်။

ပြတင်းတံခါးပွင့်သွားမှ အခန်းထဲရှိ မြင်ကွင်းများမှာ ရှင်းလင်း ပီပြင်လာသည်။ အခန်းထဲတွင် အဘိုးအိုတစ်ဦးတည်းသာမကဘဲ ယောဂီ ရောင်ဝတ်စုံနှင့် အသက် ၆၀ ဝန်းကျင်လောက်ရှိမည်ထင်ရသော အဘွား အိုတစ်ယောက်ကိုပါ တွေ့ရသည်။ အဘွားအိုမှာ ခင်ဖုန်းမြတ်၏ မိခင်ဖြစ် ပြီး အဘိုးအို၏ သမီးဖြစ်ကြောင်း ကိုမြင့်သိန်း ကြိုတင်ပြောပြထား၍ သိနေသည်။

ကျွန်တော်သည် ရှေ့တွင်ရပ်နေသော အဘိုးအိုကို ပြုံးပြလိုက် သည်။ အဘိုးအိုမှာ အိုမင်းရင့်ရော်နေသော်လည်း သန့်သန့်မာမာရှိလှ သည်။ သူသည် တောင်ရှည်ခေါ် ပုဆိုးတစ်မျိုးကို ခါးပတ်ကြိုးနှင့်စည်းထား ပြီး ထိုင်မသိမ်းအင်္ကျီကို ဝတ်ဆင်ထားသည်။ ရောင်ထုံးကိုတော့ ပန်းရင့် ရောင် ခေါင်းပေါင်းဖျဉ်နှင့် မသေမသပ်ပတ်ထားသည်။

'မောင်ကရန်ကုန်ကနော်။ မော်လမြိုင်ကို ရောက်နေတာ အ တော်ကြာပြီလား' အဘိုးအိုမှာ ကျွန်တော့်ဘက်သို့လှည့်ကာ စကားပြော နေသော်လည်း သူ့မျက်လုံးအစုံမှာ တစ်ခုခုကို မှန်းဆရှာဖွေနေသလို ထင် ရသည်။

'တစ်ပတ်လောက်ရှိပါပြီ ဘဘကြီးဘုရား' ကျွန်တော်က မတ် တတ်ရပ်ရင်းမှ ကိုယ်ကိုညွတ်၍ ဖြေလိုက်သည်။

မင်းဆွေမင်းမျိုးများနှင့် စကားပြောရသည်မှာ ကျွန်တော့်အ တွက် မပြေမပြစ်ဖြစ်နေမည်လားမသိ။ တစ်ကြိမ်တစ်ခါမျှ အတွေ့အကြုံ မရှိခဲ့ဖူးပေ။ ယခုလည်း ခင်ဖုန်းမြတ် ခေါ်သည့်အတိုင်း 'ဘဘကြီးဘုရား' ဟု သံယောင်လိုက်ကာခေါ်လိုက်ရသည်။

'ကိုင်း . . . ထိုင်ပါ၊ ထိုင်ပါ၊ ပြီးတော့မှ စကားအေးအေးဆေး ဆေး ပြောကြတာပေါ့'

'ဒါ့ထက်၊ မောင့်ကိုပြောရဦးမယ်၊ စကားပြောတဲ့အခါ၊ နေတဲ့ထိုင် တဲ့အခါမှာ မောင့်သဘောကျ ပြောဆိုနေထိုင်ပါ။ ကျုပ်တို့မှာတော့ မင်း ဆွေမင်းမျိုးဆိုတဲ့ အစွဲကလေးရှိနေသေးလို့ ဘုရားတပ်ပြောမှ ထီးဟန်နန်း ဟန်ဆန်တယ်လို့ ထင်နေကြတယ်။ ဒီအသုံးအနှုန်းကလည်း ဆွေးတော် မျိုးတော်များနဲ့ မိသားစုတွင်းမှာသာ သုံးနေတာပါ။ နောက်ဆိုတော့လည်း တစ်စတစ်စ ပျောက်တော့မှာပါ' အဘိုးအို၏ တိုးတက်ပွင့်လင်းသော အ ပြောအဆို အယူအဆတို့က ကျွန်တော့်အတွက် နေရထိုင်ရသည်ကို သက် သာလာစေသည်။

'မော်လမြိုင်မှာ လည်ရပတ်ရတာ ပျော်ရဲ့လားကွဲ့၊ မောင်ရင်ဆွဲ ချင်တဲ့ ပန်းချီကားတွေကိုကော ဆွဲဖြစ်ရဲ့လား' ကိုမြင့်သိန်းက ကျွန်တော် ပန်းချီဆရာဖြစ်ကြောင်းနှင့် ပန်းချီဆွဲရန် လာခဲ့ကြောင်းကို ခင်ဖုန်းမြတ်မှ တစ်ဆင့် ပြောပြထားသည်နှင့်တူ၏။ အဘိုးအိုမှာ ကျွန်တော်နှင့်ဆိုင်သော အကြောင်းအရာကို စကားစလိုက်သည်။

'ဟုတ်ကဲ့ ပျော်ပါတယ် ဆရာကြီးခင်ဗျား။ ဒါပေမဲ့ ပန်းချီကား တော့ တစ်ကားမှ မဆွဲဖြစ်သေးပါဘူး' ကျွန်တော်က အဘိုးအို၏ခွင့်ပြုချက် အရ လွတ်လပ်စွာပင် ပြောဆိုလိုက်သည်။

'အင်း . . . အင်း၊ ပန်းချီကားတော့ ဆွဲဖြစ်အောင် ဆွဲသွားပါ ကွယ်။ မောင်တို့ခေတ်မှာတော့ ကိုယ်တိုင်ကိုယ်ကျ လေ့လာနိုင်တယ်။ ဆွဲချင်တာကို လွတ်လွတ်လပ်လပ် ရေးဆွဲနိုင်တယ်။ ကျုပ်တို့ခေတ် . . .' အဘိုးအိုမှာ ပြောနေသောစကားကို ရပ်ထားလိုက်ပြီးမှ တစ်ဖန်ဆက်လိုက်ပြန် သည်။

'အင်း . . . ဆိုပါတော့လေ ကျုပ်တို့ထက် နည်းနည်းစောတဲ့ ခေတ်မှာတော့ ပန်းချီ၊ ပန်းပု၊ တေးဂီတ စာပေပညာရှင်တွေဟာ ရွှေနန်းတော်က အားပေးမှ ပေါ်လွင်ကြတယ်၊ စံဝင်ကြတယ်' အဘိုးအိုရဲ့အသံမှာ စောစောကလို တိုးတိတ်ညင်သာမနေတော့ဘဲ အားမာန်အပြည့် ပါဝင်လာသည်။

'ဒါထက်၊ မောင်ရင်လာတဲ့ကိစ္စက' အဘိုးအိုမှာ သူပြောနေသော အကြောင်းအရာကိုဖြတ်၍ ကျွန်တော့်ကိုမေးလိုက်သည်။ ကျွန်တော့်ကို မေးနေသော်လည်း သူ့မျက်လုံးအစုံမှာ တစ်ခုခုကို ရော်ရမ်းမှန်းဆနေပုံရသည်။

'ကျွန်တော်ရှေးခေတ်ပန်းချီအကြောင်းတွေကိုလည်း လေ့လာဆည်းပူးရင်း ဆရာကြီးမှာရှိနေရင်လည်း ကြည့်ရှုရင်းလာခဲ့ပါတယ်'

ကျွန်တော်သည် ကိုယ်ကိုညွှတ်၍ ပြောပြလိုက်သည်။ ဒီတော့မှ အဘိုးအို၏ မျက်လုံးအစုံမှာ ကျွန်တော့်ဘက်သို့ ရောက်ရှိလာသည်။ ကျွန်တော်သည် အဘိုးအိုအား ကျိုးနွံစွာကြည့်ရင်း သူ့ဆီမှအဖြေကို ငံ့လင့်နေသည်။

'အင်း . . . လူငယ်ပန်းချီဆရာတစ်ယောက်က ရှေးခေတ်ပန်းချီလက်ရာတွေကို စိတ်ဝင်တစား လေ့လာတယ်ဆိုတာ ဝမ်းသာစရာပေပေါ့ကွယ်။ ကျုပ်မှာ မောင်ရင်ကြည့်ချင်တဲ့ ပန်းချီကားချပ်တွေ ရှိနေပါတယ်။ ဒါပေမဲ့ ကုန်းဘောင်ခေတ် ပန်းချီဆရာတွေဖြစ်တဲ့ ဦးကြာညွန့်တို့ သားဦးစာတို့နဲ့ ဘဝရှင် သီပေါမင်းတရားကြီးလက်ထက် ဆရာချုံတို့ လက်ရာတွေတော့ မဟုတ်ပေဘူးကွယ့်။ ကျုပ်ဆွဲတဲ့ လက်ရာတွေပဲ။ မောင်ရင် ကြည့်ချင်ရင်တော့ ပြရမှာပေါ့။ ကဲ . . . ခင်ခင်ကြီးအခန်းသော့ ခင်ဖုန်းမြတ်ကို ပေးလိုက်ပါကွယ်။ လာ မောင်ရင်၊ ကျုပ်ရဲ့ပန်းချီခန်းထဲ သွားကြရ

အောင်' အဘိုးအိုသည် စကားအဆုံးတွင် အသက်အရွယ်နှင့်မလိုက်အောင် ဖျတ်ဖျတ်လတ်လတ် ရပ်လိုက်သည်။

ပြီးတော့ သူ၏လက်ကိုဆန့်တန်းကာ လေထဲတွင် တစ်ခုခုကို ရှာဖွေနေသည်။ သည်တော့မှ ကျွန်တော်သည် အဘိုးအိုကို အကဲခတ်မိတော့သည်။ သူသည် စကျွန့်နှစ်ကွင်း အလင်းမရရှာသော ဒုက္ခိတပါတကား၊ စောစောက သူ့မျက်လုံးအစုံသည် တစ်ခုခုအား ရော်ရမ်းမှန်းဆသလို ဖြစ်နေခြင်းကို ခုမှ သဘောပေါက်တော့သည်။

ကျွန်တော်သည် ထိုင်ရာမှထပြီး အဘိုးအို၏ လက်နှစ်ဖက်ကို ဆုပ်ကိုင်ထားသည်။ ရင်ထဲမှာလည်း ဆို့နင့်လာသည်။ ကျွန်တော်သည် စိတ်ထိခိုက်စွာနှင့်ပင် ငြိမ်ချက်သားကောင်းနေသော သားအမိကိုကြည့်လိုက်သည်။ ကျွန်တော့်အတွက် ပိုမိုစိတ်ရှုပ်ထွေးစရာများနှင့် ကြုံလာသည်။ အဘွားကြီးသည် ကျွန်တော့်ကိုကြည့်၍ ခေါင်းခါပြကာ လက်နှစ်ဖက်ကို ယှက်ပြီး တောင်းပန်ဟန်ပြနေသည်။ ပြီးတော့ အဘိုးအို၏အနီးသို့သွားကာ လက်ဝဲလက်မောင်းကိုဆုပ်ကိုင်ရင်း -

'ခမည်းတော်ဘုရား၊ ခုလောက်ရှိ သူငယ် ထမင်းဆာရောပေါ့၊ စားသောက်ပြီး မွန်းလွဲပိုင်း ၂ နာရီလောက်မှ ပန်းချီကားတွေကြည့်ရင် မကောင်းပါလားဘုရား' ဟု တိုးတိတ်ညင်သာစွာ ပြောနေသည်။

ကျွန်တော်က မည်သို့မျှ နားမလည်နိုင်ဘဲ အဘိုးအို၏ လက်နှစ်ဖက်ကိုလွှတ်ကာ ခင်ဖုန်းမြတ်ဘက်သို့ ကြည့်လိုက်သည်။ ခင်ဖုန်းမြတ်မှာ မျက်လွှာချကာ ခေါင်းငုံ့ထားသည်။

'အေး . . . ဟုတ်တယ်ဟေ့၊ ခုမှ သတိရတော့တယ်။ စောစောက ဒီမှာ မနက်စာစားဖို့ မစီစဉ်လိုက်မိဘူး။ ဒီမေ့လျော့မှုကိုတော့ တောင်းပန်ရမှာပဲကွယ်'

'ဘာမှ လုပ်မနေပါနဲ့ခင်ဗျာ ကိစ္စမရှိပါဘူး။ ကဲ . . . ပြန်လိုက်ပါဦးမယ်။ ခွင့်ပြုကြပါခင်ဗျာ' နားလည်သဘောပေါက်ရန် မလွယ်ကူလှသော ဤမိသားစုထဲတွင် ကျွန်တော်သည် ကြာကြာကြီးမနေလိုတော့။ ထို့ကြောင့် ကိုယ်ကိုညွတ်ကာ နှုတ်ဆက်ရင်း အခန်းထဲမှထွက်ခဲ့သည်။

'နှစ်နာရီလောက်တော့ ဆက်ဆက်လာခဲ့ မောင်ရင်လေးရေ့' အဘိုးအိုသည် ကျွန်တော့်အား လှမ်းမှာနေသည်။

ကျွန်တော် လှေကားထိပ်သို့ရောက်သောအခါ အဘွားကြီးသည် အရေးကြီးသည့်ဟန်နှင့် ကျွန်တော့်ထံသို့ လာနေသည်။

'မောင်ရင် အဘွားတို့ကို ဘယ်လိုမှ သဘောမထားပါနဲ့နော်၊ မကြာမီ မောင်ရင် သဘောပေါက်အောင် သမီးကိုလွှတ်လိုက်ပါ့မယ်။ ထမင်းစားပြီးချိန်လောက်မှာ မောင်ရင် တည်းခိုအိမ်ကသာ စောင့်နေပါ။ သမီးလာတတ်ပါတယ်'

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် စောင့်နေပါ့မယ်' ကျွန်တော်သည် အဘွားကြီးအား ကတိခံပြီးနောက် အသိရခက်သော မိသားစုနှင့်အိမ်ကြီးကို ကျောခိုင်းခဲ့သည်။

* * * * *

ကျွန်တော် ထမင်းစားပြီးချိန်တွင် နေ့လယ် ၁၂ နာရီရှိနေပေပြီ။ ထို့ကြောင့် ဘယ်ကိုမှမထွက်တော့ဘဲ ခင်ဖုန်းမြတ်အလာကိုစောင့်ရင်း အိမ်ထဲတွင် ဟိုမှသည်၊ သည်မှဟိုသို့ လျှောက်နေမိသည်။

မကြာပါ။ ခင်ဖုန်းမြတ် လာပါပြီ။ ကျွန်တော်သည် ခင်ဖုန်းမြတ်ကို အိမ်အောက်သို့ဆင်းပြီး ကြိုဆိုလိုက်သည်။

'ထိုင်ပါ မခင်ဖုန်းမြတ်' ဧည့်ခန်းသို့ရောက်သော် ကျွန်တော်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ခင်ဖုန်းမြတ်ထိုင်ရန် ညွှန်ပြလိုက်သည်။

'မယ်မယ်ဘုရားက ကျွန်မကို လွှတ်လိုက်ပါတယ်' သူမသည် စကားဖြတ်လိုက်ပြီး ခေါင်းငုံ့ထားသည်။

'ကျွန်တော် ကူညီစရာရှိရင် ကူညီရအောင် ပွင့်ပွင့်လင်းလင်းသာ ပြောပြပါ' ကျွန်တော်သည် သူမ အနေကျုံ့မနေစေရန် အတတ်နိုင်ဆုံး ဖော်ဖော်ရွေရွေ ပြောလိုက်သည်။

'ကျွန်မတို့ကိစ္စက မပြောလို့လည်း ဖြစ်မှာမဟုတ်လို့ စိတ်မကောင်းပေမယ့် ပြောရတော့မှာပဲ ဦးဘမိုး'

သူမ၏နှုတ်ဖျားမှ 'ပြောရတော့မှာပဲ' ဟု ဆိုနေသော်လည်း စကားစရန် ခက်နေဟန်တူသည်။ လက်များနှင့် နှုတ်ခမ်းနှစ်ခုမှာ တုန်ယင်နေသည်။ ခဏကြာမှ စကားကိုဆက်လိုက်သည်။

'ဦးဘမိုးကိုပြောရမယ့် ကိစ္စကတော့ ပန်းချီကားကိစ္စပါပဲ။ ခု ရှင်, ကျွန်မတို့အိမ်ကို ပြန်ရောက်သွားရင် ဘဘကြီးဘုရားဟာ ရှင့်ကို သူ့ပန်းချီကားတွေ ပြတော့မှာပဲ။ ဒါပေမဲ့ အဲဒီပန်းချီကားတွေဟာ ခု နည်း နည်းပဲကျန်ပါတော့တယ်ရှင်' သူမ၏အသံမှာ စကားပြောရင်း ရှိုက်နေသကဲ့သို့ ထင်ရသည်။ ကျွန်တော်သည် စိတ်ဝင်စားစွာနှင့်ပင် ရှေ့ဆက်လာမည့်စကားတို့ကို စောင့်ဆိုင်းနေလိုက်သည်။

'ကျွန်မတို့ဟာ ဒုက္ခရောက်လွန်းလို့ အဲဒီပန်းချီကားတွေကို ရောင်းစားရတယ်။ ဒါကို မျက်မမြင်ဘဘကြီးဟာ ဘာမှမသိရရှာပါဘူး။ ကျွန်မတို့ရဲ့ အခြေအနေ အပြောင်းအလဲတွေကို သူဟာ ဘာတစ်ခုမှ မသိရှာပါဘူး။ သူတို့ ခပ်ငယ်ငယ်ကလိုပဲ ထင်နေရှာတယ်။ မိဘဘိုးဘွားတွေ နယ်စားပယ်စားဘဝက ရရှိထားတဲ့ လယ်ယာမြေ၊ ဥယျာဉ်မြေတွေဟာ ခုအထိရှိတုန်းလို့ ထင်နေရှာတယ်။ တကယ်တော့ ဒီပစ္စည်းတွေဟာ ကျွန်မလူမဖြစ်မီ ဒါမှမဟုတ် ငယ်ငယ်ကပဲ ချစ်တီးတွေဆီမှာ ကြွေးနဲ့ဆုံး

ရှုံးခဲ့ရတယ်။ ဒါတွေကို မျက်မမြင်ဘဝနဲ့ နှစ်ပေါင်း ၄၀ လောက် နေလာရတဲ့ ဘဘကြီးဘုရားဟာ မသိရှာဘူး။ သူ့ကိုလည်း စိတ်ထိခိုက်မှာစိုးလို့ အသိမပေးရဲဘူး။ ဒီတော့ ဘိုးစဉ်ဘောင်ဆက်က ရှိခဲ့တဲ့ အဖိုးတန်ပစ္စည်းတွေကို ရောင်းချစားသောက်ရတယ်။ တိုတိုပဲ ပြောကြပါစို့ရှင်၊ နောက်ဆုံးမှာ ဘဘကြီး အင်မတန်မြတ်နိုးလှတဲ့ သူ့ပန်းချီကားတွေကို ဈေးကောင်းကောင်းနဲ့ ရောင်းချခဲ့ရတယ်။ ကျွန်မတို့မိသားစုအကြောင်းကို ပြောပြရဦးမယ်' ခင်ဖုန်းမြတ်သည် စကားကိုခေတ္တမျှရပ်ထားပြီး ကျွန်တော့်အား မျက်လွှာပင့်ကြည့်လိုက်သည်။ ကျွန်တော်က သူမအား စာနာသောအကြည့်နှင့်ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

'ကျွန်မငယ်ငယ်ကပဲ ကွယ်လွန်သွားရှာတဲ့ ခမည်းတော်ဘုရားဟာလည်း မင်းမျိုးမင်းနွယ်ထဲကပါပဲ။ ခု ရှင်တွေ့ခဲ့တဲ့ မယ်မယ်ဘုရားဟာလည်း ဘဘကြီးဘုရားရဲ့ တစ်ဦးတည်းသောသမီးတော်ပါပဲ။ ဘဘကြီးဟာ ခုဆိုရင် သက်တော် ၉၀ လောက်ရှိနေပါပြီ။ ကျွန်မတို့ သားအမိနှစ်ယောက်ဟာ မျက်မမြင်ဒုက္ခိတဘဘကြီးကို စိတ်မချမ်းမသာမဖြစ်ရအောင် စောင့်ရှောက်ကျွေးမွေး နေရပါတယ်။ စီးပွားရေးအခြေအနေ မတောင့်တင်းတဲ့ ကျွန်မတို့သားအမိဟာ ဘယ်လောက်စိတ်ဒုက္ခရောက်ရမယ်ဆိုတာ ရှင်စဉ်းစားနိုင်ပါတယ်ရှင်'

ခင်ဖုန်းမြတ်သည် မောပန်းသွားဟန်ဖြင့် သူမ၏စကားကိုရပ်လိုက်သည်။ ကျွန်တော်က သူတို့အတွက် စိတ်မကောင်းစွာနှင့်ပင် သူမကို မော်ကြည့်လိုက်သည်။

'စောစောက ပန်းချီကားတွေအကြောင်း ဆက်ရဦးမယ်။ ကျွန်မတို့ဟာ ပန်းချီကားတွေကို ရောင်းတဲ့အခါမှာ ကားပေါင်ကို ထည့်မရောင်းဘူး။ ဘာကြောင့်လဲဆိုတော့ ပန်းချီကားတစ်ချပ်ကို ရောင်းပြီးတိုင်း ဒီကား

ချပ်နဲ့အရွယ်တူပိတ်ကားတစ်ခုကို ကားပေါင်မှာ အစားသွင်းရတယ်။ ပြီးတော့ ဆေးသုတ်လိမ်းတယ်။ ဒီလိုလုပ်ရတာဟာလည်း ဘဘကြီးဟာ သူ့ကားပေါင်တွေကို စမ်းကြည့်ရုံနဲ့ ဘယ်ကားဆိုတာသိတယ်။ ဆေးသုတ်ရတာကတော့ ကားချပ်ကိုစမ်းမိရင် မသိအောင်ပါ။ ဒါပေမဲ့ သူဟာ သူ့ကားချပ်တွေကို လက်နဲ့တစ်ခါမှ စမ်းတာမတွေ့ဘူး။ ကားပေါင်ကိုစမ်းပြီး ကျေနပ်နေတာပဲ။ ဒါကြောင့်လည်း ကျွန်မတို့ လိမ်ညာဖုံးဖိထားတာတွေ မပေါ်သေးတာပေါ့။ ဒီနေ့တော့ ဦးဘမိုးကသာ ကားတွေ တကယ်ရှိတဲ့အနေနဲ့ . . . ' ခင်ဖုန်းမြတ်ထံမှ စကားဆက်သံမကြားရတော့ဘဲ ရှိုက်သံသဲ့သဲ့ကသာ ပေါ်ထွက်လာသည်။ ကျွန်တော်သည် ခင်ဖုန်းမြတ်ကို ကြည့်ရင်း ရင်ထဲမှ နာကျင်စွာ ခံစားနေရသည်။

* * * * *

ကျွန်တော်တို့နှစ်ဦး အိမ်လှေကားကို တက်လိုက်သောအခါ အခန်းဝမှ ကျွန်တော်တို့အား ပြုံး၍ကြိုဆိုနေသော အဘွားကြီးကို ပထမတွေ့ရသည်။

'ရောက်လာတာနဲ့ အတော်ပဲ။ ခမည်းတော်ကလည်း မကြာခဏမေး, မေးနေတယ်ကွဲ့'

'ဟော . . . ရောက်လာကြပြီလား'

အဘိုးအိုကိုယ်တိုင် ဧည့်ခန်းမှ စောင့်ကြိုနေသည်။ အဘိုးအိုကို ကြည့်ရသည်မှာ အတော်ကလေး ပျော်ရွှင်နေပုံရသည်။ ကျွန်တော့်မှာသာ ကိုယ်တိုင်ပါဝင်ကပြရမည့် လုပ်ဇာတ်အတွက် အကြံဉာဏ်ထုတ်ရင်း စိတ်အိုက်နေရသည်။

'ကဲ . . . ခုပဲ ပန်းချီကားတွေကို စကြည့်ရအောင်ပေါ့၊ မောင်ရင့်မှာလည်း အခြားသွားစရာလာစရာ ရှိချင်ရှိဦးမယ်' အဘိုးအိုသည် မတ်တတ်ရပ်ရင်းမှ လက်တစ်ဖက်ကို ဆန့်တန်းလိုက်သည်။

ကျွန်တော်တို့သည် အဘွားကြီးဖွင့်ပေးသော အခန်းကိုဝင်လိုက်သည်။ အခန်းကလေးမှာ ခပ်မှောင်မှောင်ဖြစ်နေသော်လည်း ပြတင်းပေါက်ကိုဖွင့်လိုက်သောအခါ လင်းလင်းရှင်းရှင်း ဖြစ်သွားသည်။

သည်တော့ သစ်သားပေါင်တွင် ဗလာကားချပ်များသွင်းထားသော ပုံမဲ့ကားများနှင့် ဆီဆေးအရောင်မျိုးစုံကို ဖြစ်ကတတ်ဆန်း သုတ်လိမ်းထားသော ကားချပ်တို့ နံရံတွင် ချိတ်ထားသည်ကို တွေ့ရသည်။

'အခန်းထဲရောက်ရင်တော့ ကျုပ်ကားတွေ ဘယ်နေရာမှာ ဘယ်ကားရှိတယ်ဆိုတာ ပြောနိုင်တယ်' အဘိုးအိုသည် သူ့လက်ကိုဆုပ်ကိုင်ထားသော ကျွန်တော့်လက်ကိုဖြေလိုက်ပြီး နံရံဆီသို့ကပ်သွားသည်။ ပြီးတော့ သူ၏လက်ချောင်းများမှာ နံရံမှတစ်ဆင့် ကားပေါင်ဆီသို့ရောက်လာသည်။

'ဒီမယ် မောင်ရင်၊ ဒီကားဟာ ကျုပ်ပထမဆုံး ဆွဲခဲ့တဲ့ ဆီဆေးကားပေါ့။ ဆီဆေးကို ဆရာခြုံခေတ်မှာ စသုံးတော့ ကျုပ်တို့ခေတ်ဆိုရင် အတော်ကလေး သုံးနေကြပြီ။ ဒါပေမဲ့ ကျုပ်ရဲ့ ဒီကားကတော့ ဆီဆေးစကိုင်စဖြစ်လို့ မသေမသပ် ဖြစ်မနေဘူးလားကွဲ့' အဘိုးအိုသည် ကားပေါင်ကို တယုတယ စမ်းသပ်ရင်းမှ ကျွန်တော့်ကိုမေးနေသည်။ ကျွန်တော်သည် ရုတ်တရက် ကြောင်၍ရပ်နေမိသည်။

ခဏကြာမှ ခင်ဖုန်းမြတ်တို့သားအမိကို လှည့်ကြည့်လိုက်သည်။ သူတို့မျက်နှာများ ညှိုးငယ်နေသည်ကို မြင်ရသောအခါ တစ်စုံတစ်ခုပြု

လုပ်ရန် သတိရလာသည်။ ထို့ကြောင့် အဘိုးအိုသိနိုင်စေရန် နံရံဘက်သို့ ခြေတစ်လှမ်းမျှ တိုးလိုက်သည်။

'ကောင်းပါတယ်ဆရာကြီး၊ ဆီဆေးကိုင်စမှာ ခုလောက် သေသပ်ဖို့မလွယ်ပါဘူး' ကျွန်တော်သည် တကယ့်စိတ်ပါလက်ပါ လေသံမျိုးနှင့် ပြောလိုက်ရသည်။ အဘိုးအိုကား တပြုံးပြုံးနှင့် ကျေနပ်၍မဆုံး။

'ဒီကားကတော့ ရိုးရိုးသာမန်ရှုခင်းကားပဲ။ ဒီမှာရှိနေကြတဲ့ သစ်ပင်တွေဟာ တစ်ပင်လုံး အပြာရောင်ဖြစ်မနေကြဘူးလား၊ ဒီအကြောင်း မောင်ရင့်ကို ပြောရဦးမယ်၊ ပန်းချီဆရာတွေ အပြာရောင်အသုံးများတဲ့ ခေတ်ဟာ ကုန်းဘောင်ခေတ်ပဲ။ ကုန်းဘောင်ခေတ် ပဋ္ဌမသင်္ဂါယနာတင် မင်းတရားကြီး လက်ထက်မှာ မဲနယ်စက်ရုံ တည်ဆောက်ခဲ့တယ်။ အဲဒီအချိန်ကစပြီး တစ်မိုးလုံး ဖျောက်ဆိတ်ချည်းဆိုသလို ပန်းချီဆရာတွေဟာ သစ်ပင် တောတောင်တွေမှာ အပြာရောင်တွေချည်းသုံးတော့တာပဲ'

ကျွန်တော်သည် အဘိုးအိုရှင်းပြသည်ကို နားထောင်နေရင်း ကျွန်တော်တို့၏လုပ်ဇာတ် ပေါ်သွားမှာကိုလည်း တစ်ဖက်မှ စိုးရိမ်နေရသည်။ ထို့ကြောင့် အဘိုးအို ကားတစ်ကားကိုပြပြီးတိုင်း တစ်ခါစီ မသိမသာ သက်မချမိသည်။

သနားစရာကောင်းလှသော မျက်မမြင် ပန်းချီဆရာအိုကြီးသည် နံရံကို လက်နှင့်စမ်းရင်း နှေးကွေးစွာ လျှောက်နေသည်။ ထို့နောက် ဆီဆေးများ မသေမသပ် သုတ်လိမ်းထားသော နောက်ဆုံးကားချပ်၏ တည့်တည့်တွင် ရပ်လိုက်သည်။

'ကျုပ်ကတော့ ဒီကားရှိတဲ့နေရာကို ဒီအခန်း ဘယ်နေရာကမဆို သွားလို့ရတယ်' အဘိုးအိုသည် သူ၏ အမှတ်သညာကောင်းမှုကို ဂုဏ်ယူ

ဝင့်ကြွားစွာ ပြောလိုက်သည်။ သူ၏လက်များမှာလည်း ကားပေါင်ကို စမ်းနေသည်။

'ဒီကားကို ကျုပ်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀ ကျော် မျက်စိမကွယ် မီမှာ ဆွဲခဲ့တဲ့ မိန်းမလှတစ်ယောက်ရဲ့ပုံပေါ့။ မောင်ရင်ကတော့ ဒီပုံကိုကြည့် ပြီး တကယ့်လူပုံဟုတ်ချင်မှဟုတ်မယ်လို့ သံသယဖြစ်ကောင်းဖြစ်မယ်။ ပုံ ထဲက မိန်းမပျိုက သိပ်လှနေတော့ သံသယဖြစ်မယ်ဆိုလည်း ဖြစ်စရာပေ ပေါ့လေ။ ကုလားဖြူတွေ ဒီပုံကိုမြင်တော့ သိပ်သဘောကျကြတယ်။ အာ ရှေ့တိုင်းမိန်းမတွေရဲ့အလှဟာ ဒီမှာစုနေတယ်လို့ ပြောကြတယ်'

အဘိုးအိုသည် စိတ်ပါလက်ပါပြောနေရာမှ ကားချပ်၏တစ်နေရာသို့ သူ့လက်ချောင်းကလေးများနှင့် ရွရွကလေးစမ်းလိုက်သည်။

ကျွန်တော်နှင့်တကွ ခင်ဖုန်းမြတ်တို့ သားအမိပါ သူ့ကို ရင်တ ထိတ်ထိတ်နှင့် ရပ်ကြည့်နေသည်။ အဘိုးအိုသည် တွေဝေသွားဟန်နှင့် သူ၏လက်ချောင်းကလေးများကို ကားချပ်၏ အခြားတစ်နေရာသို့ ရွှေ့ ပြောင်းလိုက်ပြန်သည်။

'အလို၊ ဘုရား . . . ဘုရား၊ ကျုပ်ပန်းချီကားချပ်မှ ဟုတ်ပါလေ ရဲ့လား'

အဘိုးအို၏ တိမ်စင်လနှယ် ဝင်းပနေသော မျက်နှာမှာ ရုတ် ခြည်းညှိုးကျသွားသည်။ နှုတ်ခမ်းများမှာလည်း တဆတ်ဆတ်တုန်လာကာ လူမှာလည်း ကတုန်ကယင်ဖြစ်လာသည်။ မြင်ရချက်ကား ရင်နင့်ဖွယ် ကောင်းလှသည်။

'ဆရာကြီးလက်က ကွယ်နေတော့ ကြည့်ရတာ ရှင်းရှင်းလင်း လင်းမရှိဘူး' ကျွန်တော်သည် ရုတ်တရက် အကြံရလာကာ အဘိုးအို၏

လက်ကို ကားချပ်ပေါ် မှဆွဲယူလိုက်သည်။ အဘိုးအိုသည် ကျွန်တော့်ဘက်သို့ အလင်းရောင်ကွယ်နေပြီဖြစ်သော မျက်လုံးအစုံနှင့်လှည့်ကြည့်လိုက်သည်။

' 'ပုံထဲကအတိုင်းသာဆိုရင်တော့ သိပ်ချောသိပ်လှတဲ့ အမျိုးသမီးတစ်ဦးပါပဲ ဆရာကြီးရယ်။ ကျွန်တော့်တစ်သက်မှာ ခုလောက်လှပတဲ့ အမျိုးသမီးကို တစ်ခါမှ မတွေ့ဖူးပါဘူး။ စာမှာတွေ့ဖူးတဲ့ ဥမ္မာဒန္တီတို့ ပဘာဝတီတို့ဆိုတာလည်း သူ့လိုနေမှာပဲနော် ဆရာကြီး' ကျွန်တော်က တက်ကြွသောလေသံ၊ စိတ်ဝင်စားသော ဟန်ပန်နှင့်ပြောလိုက်သည်။ သည်တော့မှ အဘိုးအို၏မျက်နှာမှာ ပြန်လည်ကြည်လင်လာသည်။

'ဟော၊ ကျုပ်က ဆေးသားအထူအပါးမတူတော့ ကျုပ်ဆွဲတဲ့ပုံ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယဖြစ်မိတယ်။ ခုမှပဲ သံသယရှင်းတော့တယ်။ အင်း . . . နှစ်ကလည်းကြာတော့ ဆေးသားတွေ ပါးတာပါး၊ ကွာတာကွာ ဖြစ်တော့မှာပေါ့လေ။ ဟုတ်လားကွဲ့ မောင်ရင်လေး' အဘိုးအိုသည် အနီစွလက္ခဏာကို ဆင်ခြင်မိဟန်နှင့် ကျွန်တော့်ဘက်သို့ လှည့်မေးနေသည်။

'ဟုတ်ပါတယ်ဆရာကြီး၊ ဒါပေမဲ့ ပုံရဲ့အလှကတော့ ပျက်မသွားပါဘူး'

အဘိုးအိုသည် နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးနေသည်။ ကျွန်တော်က ကျွန်တော်၏ ဟန်ဆောင်နိုင်မှုအတွက် ဂုဏ်ယူစွာ သားအမိနှစ်ယောက်ကို ကြည့်လိုက်သည်။ သို့သော် သူတို့နှစ်ယောက်မှာ အဘိုးအို၏အဖြစ်ကို မကြည့်ရက်သကဲ့သို့ မျက်ရည်စက်လက်နှင့် ခေါင်းငုံ့ထားကြသည်။

'ကဲ . . . ကြည့်စရာတော့ ကုန်ပြီ မောင်ရင်လေး၊ ဧည့်ခန်းထဲ သွားကြရအောင်'

သည်တော့မှ ခင်ဖုန်းမြတ်တို့ သားအမိမှာ အဘိုးအို၏နံဘေးမှ ကပ်ကာ ဧည့်ခန်းဆီသို့ လျှောက်ခဲ့ကြသည်။

'ကျွန်တော့်မှာ သွားစရာလေးရှိနေသေးလို့ ခွင့်ပြုပါဦးခင်ဗျား'

ကျွန်တော် ပါဝင်သရုပ်ဆောင်ခဲ့ရသော အခန်းက ကျွန်တော့်ကို များစွာ ပင်ပန်းနွမ်းနယ်သွားစေပါသည်။ ကျွန်တော် လွတ်လွတ်လပ်လပ် အနားယူလိုလှပါပြီ။ ထို့ကြောင့် ဧည့်ခန်းသို့ရောက်သည်နှင့် တစ်ပြိုင်နက် ပြန်ခွင့်တောင်းလိုက်သည်။ ကျွန်တော်၏ပြုမူချက်သည် လူမှုရေးအရ ရိုင်း နေသလိုဖြစ်နေသော်လည်း မတတ်နိုင်ပါ။

'နေပါဦး မောင်ရဲ့၊ စကားလေးဘာလေး ပြောကြသေးတာပေါ့'

'အားတော့ နာပါတယ်ဆရာကြီး ခင်ဗျာ . . .၊ ကျွန်တော့်မှာ နာရီအတိအကျ ချိန်းထားတာရှိလို့ပါ'

ကျွန်တော်သည် လှေကားဆီသို့လျှောက်ခဲ့သည်။ ခင်ဖုန်းမြတ် တို့သားအမိပါ ကျွန်တော်နှင့်အတူ လိုက်လာသည်။ သူတို့မှာ စကားတစ်ခွန်း မျှမပြောကြ။ မျက်ရည်များသာ ပါးပြင်ပေါ်သို့ စီးကျနေသည်။ ကျွန်တော် သည် စိတ်ကိုအတတ်နိုင်ဆုံးချုပ်တီးကာ ကျောခိုင်းလိုက်သည်။

'မောင်ရင်လေးရေ၊ ကျုပ်မျက်လုံး ကွယ်တဲ့ အချိန်ကစပြီး ကျုပ် ရဲ့ဘဝဟာ ဒီနေ့အဓိပ္ပာယ်အရှိဆုံးပါပဲကွယ်'

ကျွန်တော်သည် အသံလာရာ လှေကားထိပ်ဆီသို့ ပြန်ကြည့် လိုက်သည်။ အဘိုးအိုသည် အပြစ်ကင်းစင်သော ကလေးငယ်တစ်ဦးကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေသည်။ ဤသည်ကား အနုပညာသည်တစ်ဦး၏ ချစ်စရာကောင်းလှသော ပျိုမျစ်ခြင်းပေတည်း။

ကျွန်တော်သည် အနုပညာသည် အဘိုးအို၏ သာယာပျော်ရွှင်ရေးအတွက် လှည့်ပတ်လိမ်လည်ခဲ့ရသည်။ လိမ်လည်ခဲ့ရခြင်းအတွက် ကျွန်တော်ရှက်မိပါ၏။ သို့သော် စိတ်ကျေနပ်မှုလည်းဖြစ်ရပါ၏။

ကျွန်တော် လိမ်လည်ခဲ့သောကြောင့် အဘိုးအို၏ လှပသောအပြုံး အပြစ်ကင်းစင်သော အပြုံးနှင့် ပျိုမျစ်ခြင်းကို ကျွန်တော်မြင်နေရသည်။

ကျွန်တော် မော်လမြိုင်သို့ လာခဲ့ခြင်းမှာ အသိသစ်၊ အမြင်သစ်နှင့် အလှအပရှုခင်းတို့ကို ရှာဖွေရေးဆွဲရန် လာခဲ့ခြင်းဖြစ်၏။ တစ်နည်းဆိုသော် ကျွန်တော်သည် အလှရှာပုံတော်ဖွင့်ခဲ့သည်။ သို့သော် ယခုကျွန်တော်တွေ့မြင်နေရသောအဘိုးအို၏ အလှနှင့် တောတောင်ရေမြေသဘာဝတို့၏ အလှသည်ကား မနှိုင်းယှဉ်သာပါတကား။

ငွေတာရီမဂ္ဂဇင်း
မတ် ၊ ၁၉၇၄

# သင်းတပျံ့ပျံ့



ကျွန်တော့်မျက်လုံးအစုံအား ကုသ၍ မျှော်လင့်ချက်မရှိတော့ဟု သိသောနေ့မှစ၍ ကျွန်တော်သည် ဘဝကို အရှုံးပေးလိုက်သည်။ အရာရာကို စွန့်လွှတ်လိုက်သည်။ မည်သည်ကိုမျှ မျှော်လင့်ချက်မထားတော့။ ကျွန်တော် လက်ရှိတက်ရောက်သင်ကြားနေသော တက္ကသိုလ်ပညာမှာလည်း ကျွန်တော့်အတွက် ဘာများအသုံးချနိုင်တော့မည်နည်း။ မျက်မမြင်ဘဝနှင့် ဤပညာကိုလည်း ဆက်လက်သင်ကြား၍ ဖြစ်နိုင်ပါမည်လား။ အဆုံးထိဆိုရသော် ကျွန်တော်နှင့် ရင်းနှီးခဲ့သော ကျောင်းနေဖက်သူငယ်ချင်းများကိုပင် အတွေ့မခံတော့။ စက္ခုနှစ်ကွင်း အလင်းမရသောအချိန်မှစ၍ ကျွန်တော့်အတွက် ဘဝတွင် အကောင်းဟူ၍မရှိတော့၊ အားလုံး မှောင်အတိကျခဲ့ပြီတည်း။

ကျွန်တော်သည် ပတ်ဝန်းကျင်မှ သူငယ်ချင်း အပေါင်းအသင်းများနှင့် အတွေ့မခံခဲ့သော်လည်း အပြင်ထွက်၍တော့ လည်ပတ်သည်။ သို့သော် အပေါင်းအသင်း ဆွေမျိုးများအိမ် သို့မဟုတ် မြို့ပတ်ရထားစီးခြင်းသာဖြစ်သည်။ မြို့ပတ်ရထားစီးကာ လည်ပတ်စတွင် အမေ သို့မဟုတ် အဖေ နှင့် အိမ်မှတစ်ဦးဦးသည် လိုက်ကြမြဲ။

နောက်တော့ သူတို့လိုက်ပါရန်မလိုတော့၊ ကျင့်သားရလာသည်။ ပြီးတော့ သူတို့လိုက်ပါလာခြင်းအားဖြင့် ကျွန်တော့်အတွက် စဉ်းစားတွေးခေါ် ရခြင်းမှာ မလွတ်လပ်။ ထို့ကြောင့် ကျွန်တော်တစ်ဦးတည်း မြို့ပတ်

ရထားစီးကာ လည်ပတ်တတ်နေပြီ။ အိမ်မှလူတစ်ဦးဦးသည် ကျွန်တော့် အား ဘူတာရုံပို့၊ ရထားပေါ် တင်၊ ပြီး ရထားပြန်ဆိုက်ချိန်တွင် လာကြို ဒါလောက်သာ ကျွန်တော် သူတို့ထံမှ အကူအညီတောင်းခံခဲ့သည်။ မိဘ များနှင့် ညီအစ်ကိုမောင်နှမများသည် စိတ်မချမ်းသာကြသော်လည်း ကျွန် တော့်ဆန္ဒကို လိုက်လျောခဲ့သည်။ ခုတော့ ကျွန်တော်သည် တစ်လတစ်ခါ လောက် မြို့ပတ်ရထားစီး၍ လည်ပတ်တတ်နေပြီ။

'ဟုတ်သားပဲ ကြီးကြီးရဲ့၊ မာလာ ဒီခရီးကို သွားနေကျပါ။ ပြီး တော့ မောင်လေးလည်း ပါနေသားပဲ၊ မာလာ့အတွက် ဘာမှမပူပါနဲ့' သူ တို့တစ်တွေ ပြောဆိုနှုတ်ဆက်ကြပြီး မကြာမီ ရထားပေါ် သို့တက်လာသော ဒေါက်ဖိနပ်သံနှင့် ကလေးတစ်ယောက်၏ ခြေသံကိုကြားရသည်။

ခြေသံသည် ကျွန်တော့်ဘက်သို့ ရွေ့လျားလာကာ ကျွန်တော့် အတွက် ဝမ်းသာလုံးဆို့ရမည့် အဖြစ်တစ်ခုကြုံလာသည်။ ခြေသံရှင် မိန်းမ ပျိုမောင်နှမသည် ကျွန်တော့်ရှေ့ တစ်ခုံခြားထိုင်ခုံတွင် ထိုင်နေပြီတည်း။ ကျွန်တော်သည် နေကာမျက်မှန်ကို အထက်မျက်ခုံး အုပ်မိသည်ထိ မတင် လိုက်ပြီး မိန်းမပျို၏ လှုပ်ရှားမှုကို နားစွင့်နေသည်။

တကယ်တော့ ကျွန်တော်သည် လူစဉ်မမီသောမျက်မမြင်ဒုက္ခိတ တစ်ဦးဖြစ်ခြင်းကြောင့် သူမ၏စကားပြောသံ၊ လှုပ်ရှားသံ စသည်တို့ကို အခြေခံပြီးမှ သူမ၏ ရုပ်ရည်ကို စိတ်အာရုံဖြင့်မှန်းဆရပေမည်။

မည်သို့ပင်ဖြစ်စေ၊ သူ့ 'ကြီးကြီး' ဆိုသူတို့နှင့် ပြောဆိုသော လေသံကိုတော့ ကျွန်တော်သဘောကျသည်။ သို့သော် နီးနီးကပ်ကပ် ကြား ရခြင်းမဟုတ်သောကြောင့် ပီပီပြင်ပြင် မရှိလှ။

* * * *

ယနေ့လည်း ကျွန်တော့်ညီသည် ရန်ကုန်ဘူတာတွင်းသို့ ဆိုက်ရောက်လာသော မြို့ပတ်ရထားတစ်စီးပေါ်သို့ ကျွန်တော့်ကို တင်ပေးခဲ့သည်။ ရထားသည် တော်တော်နှင့်မထွက်သေး။ လမ်းမီးသည် အဝါနှင့်အစိမ်း မပြသေးသည်နှင့်တူ၏။ အသံချဲ့စက်မှ ရထားထွက်မည့်အချိန်ကို ကြေညာသံပင် ပေါ်ထွက်မလာသေး။

ပြီးတော ယနေ့သည် ခရီးသွား၊ ခရီးလာတို့ နည်းပါးသည်နှင့်တူ၏။ ခါတိုင်းကဲ့သို့ ရုတ်ရုတ်သဲသဲအသံများ မကြားရ။ ကျွန်တော်သည် မြို့ပတ်ရထားပေါ်တွင် ထိုင်ရင်း ရထားထွက်မည့်အချိန်ကို စောင့်ဆိုင်းနေသည်။

* * * *

ကျွန်တော့်နားထဲသို့ ဒေါက်မြင့်ဖိနပ်သံ တဒေါက်ဒေါက်နှင့် ခြေသံ သုံးလေးသံက ဝင်ရောက်လာသည်။ မျက်မမြင်ဘဝနှင့် သုံးနှစ်ခန့်ကြာပြီဖြစ်သော ကျွန်တော်သည် ရုပ်ဝတ္ထုကို မမြင်ရသော်လည်း စိတ်ထဲမှာတော့ မှန်းဆတတ်နေပြီ။

မကြာမီ သင်းပျံ့ပျံ့ရနံ့တစ်ခုက ကျွန်တော့် နှာခေါင်းတွင်းသို့ ခပ်ယဉ်ယဉ်ကလေးဝင်လာသည်။ ဤရနံ့သည်ကား ဂိုယာပေါင်ဒါနံ့၊ ဤပေါင်ဒါကို ကျွန်တော်တို့ တစ်အိမ်သားလုံး သုံးနေကျမို့ အနံ့ကိုကျက်မိနေသည်။

ပြီးတော့ ယခုရထားစီးရန် လာသူများမှာလည်း မိန်းမပျိုတစ်ဦးနှင့် လူကြီးနှစ်ယောက် သို့မဟုတ် ကလေးတစ်ယောက် ပါလေဦးမည်။ အဘယ်ကြောင့်ဆိုသော် လူကြီးတို့တွင်သာဖြစ်ပေါ်တတ်သော ကိုယ်နံ့နှင့်ကလေးကိုယ်နံ့ကို ကျွန်တော် မကွဲမပြား ရှူရှိုက်နေရသည် မဟုတ်ပါလား။

'ကြီးကြီးတို့ စိတ်ချပါရစေနော် တူမ၊ ရထားထဲမှာ လူတိုင်းနဲ့ စကားမပြောနဲ့၊ ပြီးတော့ ရထားပြတင်းပေါက်ကိုလည်း ခေါင်းမပြူနဲ့၊ ရထားပေါ်မှာ မျက်မှန်ဖြူတ်ဂိုဏ်းတွေ သိပ်သောင်းကျန်းနေတယ်၊ မောင်ဇော်ကလည်း မမကို ဂရုစိုက်နော်'

'မင်းကလည်းကွာ၊ ခုလောက်ထိပူမနေပါနဲ့ ဟိုမှာလည်း ဘူတာက စောင့်နေမယ့်ဟာပဲ၊ ပြီးတော့ မာလာဒီခရီးကို ဒီတစ်ခါသွားတာမှမဟုတ်ပဲ'

မီးရထားသည် ရန်ကုန်ဘူတာကြီးမှ စတင်၍ ထွက်ခဲ့ပေပြီ။ မိန်းမပျိုထံမှ သင်းပျံ့သော ဂိုယာနံ့နှင့် ချိုပြေပြေကိုယ်နံ့က ကျွန်တော့်နှာခေါင်းတွင်းသို့ ဝင်ရောက်လာသည်။ စိတ်ထဲမှလည်း ကြည်နူးမှု၊ သာယာမှုတို့ကို ခံစားနေရသည်။ ယခု ခံစားနေရချက်တို့သည် ကျွန်တော်၏ မျက်မမြင် သက်တမ်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်ဖြစ်သည်။ ကျွန်တော်သည် မိန်းမပျို၏ မျက်နှာကလေးကို မှန်းဆကြည့်ရင်းမှ စကားပြောနိုင်မည့်အခွင့်အရေးကိုလည်း စောင့်ဆိုင်းနေမိသည်။

မကြာပါ၊ အခွင့်အရေးကြုံလာပါပြီ၊ အရှိန်နှင့် ခုတ်မောင်းလာသော မီးရထားမှာ ပုဇွန်တောင်ဘူတာမရောက်မီ အရှိန်သတ်ကာရပ်လိုက်သည်။

'ဒုက္ခပါပဲဗျာ၊ အရင်လိုခါမှ ရထားက မီးပွိုင့်မိနေပြန်ပါပြီ၊ ဒါ ထက် ခင်ဗျားကော ဘယ်ထိသွားမှာလဲဟင်' ကျွန်တော်က စိတ်ပျက်လက်ပျက် ညည်းညူဟန်ပြုပြီးမှ မိန်းမပျိုကို စကားစလိုက်သည်။ ကျွန်တော်၏ မျက်နှာကိုလည်း အချိုသာဆုံး ပြုံးထားလိုက်သည်။ သူမသည် ကျွန်တော့်အား ခပ်ယဲ့ယဲ့ကလေး ပြုံးကြည့်နေပေလိမ့်မည်။

'ဟင် . . . ဒီမှာအခြားလူတစ်ယောက် ရှိလိမ့်မယ်လို့ ကျွန်မ လုံးဝ မထင်မိဘူး'

သူမ၏အသံမှာ အံ့ဩမှုကလေး ရောစွက်နေသည်။ သို့သော် ကျွန်တော့်အတွက်တော့ မအံ့ဩပါ။ တစ်ခါတစ်ရံ မျက်စိအကြည်ဓာတ်ကောင်းသူများသည် သူတို့ရှေ့၌ ရှိနေသော အရာများကိုပင် မမြင်တတ်ကြပါ၊ သူတို့တွင် ကြည့်စရာ ရှုစရာနှင့် အာရုံခံစားစရာတွေ များသောကြောင့် ဖြစ်ပေလိမ့်မည်။ ထို့ပြင် သူမတွင် မျက်မှန်တပ်ထားကြောင်းကိုလည်း သူ့ ကြီးကြီးတို့နှင့် စကားပြောစဉ်ကပင် ကျွန်တော်သိခဲ့သည်။ ပြီးတော့ ယခု ကျွန်တော်ထိုင်နေသော နေရာသည် ထောင့်ကျပြီး အလင်းရောင်အားနည်းသောနေရာလည်း ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူမသည် ကျွန်တော့်ကို မျက်စိလျှမ်းနေသည်နှင့်တူ၏။

သို့သော် ကျွန်တော်လို စုံလုံးကန်းသူများ သို့မဟုတ် နည်းနည်းပါးပါးသာ မြင်သူများကတော့ အရာရာကို သတိကြီးစွာဖြင့် ကြည့်တတ်မြင်တတ် အာရုံခံစားတတ်ကြပါသည်။ မည်သို့ပင်ဖြစ်စေ သူမ၏လွင်သာသာ အသံကလေးက ကျွန်တော်၏နှလုံးသားကို စူးဝင်သွားသည်။

'ကျွန်မ မင်္ဂလာဒုံဘူတာမှာ ဆင်းမှာပါ။ အဲဒီမှာ ကျွန်မမိဘတွေ ကြိုနေကြမယ်'

မိန်းမပျိုသည် အတန်ကြာမှ ကျွန်တော့်အမေးကို ပြန်ဖြေသည်။

'ဒါထက် ရှင်ကော ဘယ်အထိသွားမလို့ပါလဲဟင်'

အသံကသာ လွင်သာနေသည်မဟုတ်၊ အသုံးအနှုန်းကပါ ရည်မွန်လှသည်။

'ကျွန်တော် ကျိုက္ကလဲ့ဘူတာထိ သွားမှာပါ'

ကျွန်တော်က မုသားသုံးလိုက်သည်။ ကျွန်တော် ဤသို့ မုသား သုံးလိုက်ခြင်းမှာ အကြောင်းရှိပါ၏။ ကျိုက္ကလဲ့ဘူတာသည် ဗဟိုနိုင်ငံရေး တက္ကသိုလ် အဆောက်အအုံအနီးတွင် တည်ရှိသည်။ ထို့ကြောင့် မိန်းမပျို သည် ကျွန်တော်၏ ဝတ်စားဆင်ယင်မှုနှင့် ဆင်းမည့်ခရီးကိုခန့်မှန်းကာ ဗဟိုနိုင်ငံရေးတက္ကသိုလ်မှ နည်းပြဆရာလား ဒါမှမဟုတ် သင်တန်းသား လား တစ်ခုခု မှန်းဆနိုင်ပေမည်။ မည်သည့်အမျိုးအစားတွင် မှန်းဆမှန်းဆ ကျွန်တော့်လို မျက်မမြင်တစ်ဦးအတွက်တော့ အရှုံးမရှိနိုင်ပါ။

ကျွန်တော်က ခေါင်းကိုမသိမသာ စောင်းငဲ့ကာ ရထားပြင်ဘက် သို့ ဟန်ပါပါကြည့်ရင်း ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်နေမိသည်။

* * * *

ရထားမှာ တစ်ဘူတာပြီး တစ်ဘူတာ ကျော်ဖြတ်လာသည်။ မိန်း မပျိုနှင့် ကျွန်တော့်မှာတော့ အတွေးကိုယ်စီနှင့် ငြိမ်သက်နေကြသည်။ မိန်းမပျိုအနေနှင့် မည်သည်ကို တွေးလာသည်မသိသော်လည်း ကျွန်တော့် ရင်ထဲမှာတော့ စိုးရိမ်စိတ်တစ်ခုက ဝင်ရောက်နေသည်။ အကယ်၍ မိန်းမ ပျိုသည် ခရီးမဆုံးမီ ကျွန်တော့်အား ဒုက္ခိတတစ်ယောက်အဖြစ် သိသွားပါ က မည်သို့ဆက်ဆံလေမည်နည်း။

ကျွန်တော့်အပေါ်တွင် သူမ၏ဆက်ဆံမှု နိမ့်ကျရွေ့လျောသွား သည်နှင့်အမျှ ကျွန်တော့်အတွက် အမှောင်ကျနေသောဘဝသည် ချောက် ကမ်းပါးထဲသို့ ကျမသွားဟူ၍ ကျွန်တော်ကိုယ်တိုင်ပင်မပြောတတ်၊ ကျွန် တော်သည် ကိုယ်နှုတ်အမူအရာကို အတတ်နိုင်ဆုံး သိုသိပ်ကျစ်လျစ်နိုင် ပါမှ တန်ကာကျပေမည်။ ပြီးတော့ သူမတွင် မောင်ငယ်လေးတစ်ယောက် ပါလာသည်မဟုတ်ပါလား။

'ခု ဘယ်ရောက်နေပြီလဲဟင်' သူမသည် မောင်ကိုလိုလို၊ ကျွန်တော့်လိုလို မေးလိုက်သည်။ ကျွန်တော့်ရင်ထဲတွင်တော့ သူမ၏ ဘာလိုလို အမေးကြောင့် ထိတ်သွားရသည်။ သူမ ယခုမေးသော မေးခွန်းသည် ကျွန်တော့်အခြေအနေကို အကဲခတ်မိ၍ မေးသောအမေးမဟုတ်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

သို့သော် ကျွန်တော့်အတွက် ဘူတာစဉ်ကိုတော့ ပိုင်နေပါသည်။ ကျွန်တော်သည် ရန်ကုန်ဘူတာမှ ထွက်ပြီးနောက် သူမနှင့်ဆက်ဆံရာတွင် အဆင်ပြေ ပိရိစေရန် ဘူတာစဉ်ကို ရေတွက်လာသည်။ ဂဏန်းစဉ်နှင့် လိုက်၍ ဘူတာအမည်များကိုလည်း မှတ်မိနေသည်။

'ကန်ဘဲ့ဘူတာပေါ့' ကျွန်တော်က ကလေးငယ်အရင် ဦးအောင် ဖြေလိုက်သည်။

'မဟုတ်ဘူး ဦးရဲ့၊ ကန်ဘဲ့က ကျန်ခဲ့ပြီ၊ ခုရောက်မှာက ပါရမီ ဘူတာပါ'

ကလေး၏စကားဆုံးတော့မှ ကျွန်တော်က သက်မကို မသိမသာ ချလိုက်သည်။ ပြီးတော့ ကလေးဘက်ကို မှန်းဆကြည့်လိုက်သည်။ သူ့အသံကို ကြားရခြင်းအားဖြင့် သူ့အသက်မှာ ၈ နှစ်ထက် ပိုမကြီးနိုင်၊ သည်တော့ ကျွန်တော် သူ့ကို စကားနိုင်လုပြော၍ အောင်မြင်နိုင်ပေမည်။

'ကိုဇော်က ငယ်ပေတဲ့ သိပ်တိကျတာရှင့်၊ ခု ကြည့်ပါလား၊ ကန်ဘဲ့ဘူတာ လွန်လာလို့ ကန်ဘဲ့ဘူတာလို့ မယူဆတော့ဘူး'

'အဲ . . . ကိုဇော်က တိကျမှသဘောကျတဲ့ကလေးကိုကွဲ့' ကျွန်တော်၏ စကားကို ရောယောင်သွေးသောက်လုပ်လိုက်သည်။

ဤအတိုင်းသာ အဆင်ပြေပြေသွားနိုင်ပါက မိန်းမပျို၏ ခရီးဆုံးဖြစ်သော မင်္ဂလာဒုံဘူတာရောက်အောင် ကျွန်တော်၏အဖြစ်မှန်ကို ဖုံး

ကွယ်နိုင်ပေမည်။ ဤသို့ ဖုံးကွယ်နိုင်ရန်အတွက် နေရောင်ကာ မျက်မှန်က ပါ အကာအကွယ်ပေးထားသည် မဟုတ်ပါလား၊ လူမှုရေးရာကို နားလည်သော အမျိုးသမီးတစ်ယောက်အနေနှင့် ယောကျ်ားပျိုတစ်ဦး၏ နေကာမျက်မှန်နောက်မှ မျက်လုံးအစုံကိုတော့ စူးစိုက်ကြည့်လိမ့်မည်မဟုတ်။

'ကန်စွန်းခင်းတွေ လယ်ကွင်းတွေက ဖြတ်သန်းလာတဲ့ လတ်ဆတ်တဲ့လေတွေကို ရှူရပြီပေါ့နော်'

'ဟုတ်ကဲ့ . . . လတ်ဆတ်တဲ့လေသာမကဘူး၊ မိုးအကုန် ဆောင်းအကူးမှာ ဝင်းမှည့်နေကြတဲ့ စပါးခင်းတွေလည်း ရှိနေပြီပေါ့၊ သိပ်စိတ်ကြည်နူးစရာ ကောင်းတာပဲဗျာ၊ ကျွန်တော် ရာသီတိုင်း လယ်ယာတောတောင်တွေရဲ့ အရသာကို ခံနိုင်အောင် မြို့ပတ်ရထားကို မကြာခဏ စီးလေ့ရှိနေတယ်'

'ဩော် . . . ရှင်က အတော်ကလေး ကဗျာဆန်ဆန် တွေးတတ်ကြည့်တတ်တာပဲနော်။ ဒါထက် ရှင် တောတွေတောင်တွေကိုကော တွေ့နေရပြီလား၊ တောတွေတောင်တွေထဲမှာ ငှက်ကလေးတွေလည်း သီချင်းဆိုနေကြတာပဲနော်၊ ကျွန်မတော့လေ . . .'

'တောတောင်ဆိုပေမယ့် တောတန်းကလေးတွေပါဗျာ၊ သိပ်ကြီးကြီးမားမား တောတွေတောင်တွေ မဟုတ်ပါဘူး' သူမ၏စကားရှေ့ဆက်မပြောနိုင်မီမှာပင် ကျွန်တော်က ကပျာကယာ ဖြတ်ပြောလိုက်ရသည်။ တကယ်တော့ ဤဒေသတွင် တောတွေတောင်တွေ ရှိမရှိကို ကျွန်တော် မသိ။

'ဘာဖြစ်ဖြစ်လေ တောတန်းကလေးဆိုလည်း ကျေးငှက်ကလေးတွေတော့ ရှိရမှာပေါ့၊ နောက်ဆုံး စာကလေးငှက်ဖြစ်ဖြစ်ပေါ့'

'ဟုတ် . . . ကဲ့၊ ချိုးငှက်တွေကောဗျ၊ သူတို့အသံက သိပ် . . .'

ကျွန်တော်၏စကားမဆုံးမီ တစ်စုံတစ်ခုကို သတိရ၍ စကားရပ်လိုက်သည်။ ကျွန်တော်သည် ကိုယ့်ပါးစပ်ကို ကိုယ့်လက်သီးနှင့် ပစ်ပစ်ထိုးလိုက်ချင်စိတ် ပေါ်လာသည်။

သို့သော် တော်ပါသေး၏။ မယ်မင်းကြီးမလေးမှာ ကျွန်တော့်စကားကို စိတ်ဝင်စားဟန်မပြ၊ သဘာဝ၏ သာယာမှုတွင် နစ်မျောနေသည်နှင့်တူ၏။

တစ်ဦးနှင့်တစ်ဦး စကားမပြောကြဘဲ တိတ်တိတ်ဆိတ်ဆိတ်လိုက်ပါနေကြတော့လည်း ကျွန်တော့်အတွက် စိတ်ထဲမှ မလုံမလဲဖြစ်လာသည်။ သူမသည် ကျွန်တော်၏ အဖြစ်မှန်ကို ရိပ်မိ၍ အကဲများခတ်နေပြီလား။ ဤသို့ဆိုလျှင် သူမသည် ကျွန်တော်၏အဖြစ်မှန်ပေါ်ပေါက်အောင် တစ်နည်းနည်းဖြင့် စမ်းသပ်ပေလိမ့်မည်။ ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ သူမ၏မောင်လေး မောင်ဇော်ရှိမည်ထင်ရသောဘက်သို့လည်း ရော်ရမ်းမှန်းဆကြည့်မိသည်။ သို့သော် ဤချာတိတ်အတွက်ကျွန်တော် မစိုးရိမ်ပါ။ ဤချာတိတ်သည် ကျွန်တော်ပြောမည့်စကားကိုနားလည်မည်လည်း မဟုတ်ပါ။

'မာလာ့မျက်နှာကလေးက တော်တော်စိတ်ဝင်စားစရာကောင်းတယ်နော်'

'အို . . . မာလာ့နာမည်ကို ဘယ်လိုများသိနေတာလဲ'

သူမက တအံ့တသြ ရေရွတ်လိုက်သည်။ ကျွန်တော်က ခံ့ခံ့ထည်ထည်ကြီး ပြုံးလိုက်သည်။ ဤသို့ ထည်သောအပြုံးကြားတွင် အဓိပ္ပာယ်တစ်ခုကိုပါ ထည့်သွင်းထားသည်။

'လှပတဲ့ မိန်းကလေးတစ်ယောက်ရဲ့ နာမည်ကို ယောကျ်ားပျို တစ်ယောက်က သိနေတာဟာ အံ့ဩစရာလား မာလာရယ်' ကျွန်တော်က တိုးတိုးညင်းညင်းကလေး ပြောလိုက်သည်။ ကျွန်တော် သုံးနှုန်းလိုက်သော စကားဝါကျ၏ သဘောကို ခေတ်မိန်းမပျိုတစ်ဦးဖြစ်သော မာလာတစ် ယောက် နားလည်နိုင်ပါလိမ့်မည်။

အမှန်ကတော့ ကျွန်တော် မာလာ၏နာမည်ကို သိသည်မှာ မ ကြာသေး။ ရန်ကုန်ဘူတာကြီးတွင် သူ့ဆွေမျိုးများနှင့် ပြောဆိုနှုတ်ဆက်ရာ မှ အမှတ်မထင် မှတ်သားထားလိုက်မိသည်။ သို့သော် ကျွန်တော်သည် မာလာ့နာမည်အား ရှေးကပင် သိထားသယောင် ဟန်ဆောင်ပစ်လိုက် သည်။

တွေ့တွေ့ချင်းပင် သမီးရည်းစားစကားပြောခြင်းနှင့် ဤသို့ဟန် ဆောင်တတ်ခြင်းမှာ ယခုခေတ်လူငယ်များ၏ အတတ်ပညာဟု ခေါ်ရမည် လား၊ အထာဟု ခေါ်ရမည်လား။

ကျွန်တော်သည် မိန်းမပျိုရှိနေသောဘက်ကို ငေးငေးကလေး ကြည့်နေမိသည်။ မာလာသည်လည်း ကျွန်တော့်အား ရှက်စနိုးအကြည့် နှင့် မဝံ့မရဲကြည့်နေရှာပေလိမ့်မည်။ သူမ၏စိတ်ထဲတွင်တော့ မလိုတမာ ဖြစ်နေမည်လား၊ စိတ်ခုနေလေမည်လား။

'မာလာဟာ နာမည်နဲ့အလိုက်၊ ပန်းကလေးလိုလှပြီး စိတ်ဝင်စား စရာ ကောင်းပါတယ် မာလာ' ကျွန်တော်သည် ပထမစကားဝါကျနှစ်ခုကို တစ်ခုတည်း ပေါင်းစပ်ပြောလိုက်သည်။

စိတ်များဆိုးနေသလားဟူသော အသိကြောင့် ရင်ထဲမှာလည်း တထိတ်ထိတ်ခုန်နေသည်။ သို့သော် မိန်းကလေးဟူသမျှသည် အမြောက်

ကြိုက်သည်ချည်းပင်။ ကျွန်တော့်တွက်ဆချက်သည် မမှားပါ။ မကြာမီ မာလာ့ထံမှ ဆည်းလည်းလှုပ်ခါလိုက်သကဲ့သို့ ရယ်သံကလေး ပေါ်ထွက်လာသည်။

'မာလာကို ယောကျ်ားအဖော်များများက ရှင့်လိုပဲပြောကြတယ်၊ မာလာတော့ သိပ်ရယ်ချင်တယ်'

'ကျွန်တော့်စကားဟာ လေးနက်မှုအပြည့်အဝရှိတယ်ဆိုတာတော့ ယုံပါမာလာ'

'ဩော် . . . ရှင်သိပ်အဖြစ်သည်းနေတာပေါ့ ဟုတ်လား'

ကျွန်တော်က အရှက်ပြေရယ်ရန် ကြိုးစားပါသေးသည်။ သို့သော် မရယ်နိုင်ပါ၊ မရယ်ရဲပါ၊ သူစိတ်ဆိုးသွားသော် - ကျွန်တော်သာ ရင်နာကျန်ရစ်ခဲ့မည်။ ကျွန်တော်သည် ဆွတ်ပျံ့ကြည်နူးစရာကောင်းလှသောအတွေးကို ကျွန်တော့်ရင်တွင် အသက်တစ်ဆုံး ထွေးပိုက်ထားချင်ပါသည်။ ကျွန်တော့်အား စိတ်ဆိုးမသွားသေးသော သူမ၏ နာမည်ကလေးကိုလည်း တသသနှင့် ရေရွတ်နေချင်ပါသည်။

'ဩော် . . . မာလာလေးရယ်' ရင်ထဲမှာ ညင်သာသာကလေး ရေရွတ်လိုက်သည်။

'မမ . . . ဘူတာရုံရောက်တော့မယ်'

သူမ၏မောင်ငယ် မောင်ဇော်၏စကားအဆုံးတွင် မောင်နှမနှစ်ယောက်၏ လှုပ်ရှားသံများကို ကြားနေရသည်။ ဤဘူတာတွင် သူဆင်းတော့မှာပါကလား၊ ကျွန်တော့်ရင်ထဲမှာ ဟာသွားသည်။

ရထားသည် တဖြည်းဖြည်း အရှိန်သတ်လိုက်သည်။ ဘူတာပလက်ဖောင်းမှ ခရီးသွား ခရီးလာတို့အသံ၊ ဈေးသည်တို့၏အသံ စသည်စသည်တို့သည် စီစီညံညံပေါ်ထွက်လာသည်။

'ကျွန်မ သွားတော့မယ်နော်'

'ဟုတ်ကဲ့ ခင်ဗျ၊ ဒါ့ထက် ကျွန်တော့်နာမည်က ထွန်းကျော်လို့ ခေါ်ပါတယ်'

ကျွန်တော်သည် အချိန်ရခိုက် ကျွန်တော့်နာမည်ကို ကတိုက် ကရိုက်ပြောလိုက်သည်။

'ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ကိုထွန်းကျော်ရှင့်'

သူမသည် ကျွန်တော့်ဘေးနားတွင် လာရပ်ရင်း ပြောနေသည်။ သင်းရနံ့တို့သည် ကျွန်တော့်စိတ်ကို ရှိုးတိုးရှူတာဖြစ်နေစေသည်။ ကြောစိမ်းများ ဖုံးနေမည်ဖြစ်သော လက်ဖမိုးဝဝအိအိကလေးကို ကျွန်တော်သည် တယုတယ ဆုပ်ကိုင်လိုက်ချင်သည်။ ရင်ခွင်ထဲတွင် ပွေ့ထားလိုက်ချင်သည်။

သို့သော် ဒါတွေသည် မျက်မမြင်တစ်ယောက်၏ ဆန္ဒမှတစ်ပါး ဘာမှမဖြစ်နိုင်၊ ရထားမှာ စက္ကန့်ပိုင်းအတွင်းတွင်ပင် ရပ်လိုက်သည်။ မကြာမီ ဒေါက်ဖိနပ်သံ တဒေါက်ဒေါက်က ကျွန်တော့်အနီးမှ ထွက်ခွာသွားသည်။

ဝေးပြီ . . . ပို၍ဝေးသော - ဝေးသောအရပ်သို့ သူရောက်သွားပြီ။

* * * *

မီးရထား မင်္ဂလာဒုံဘူတာမှ စထွက်ခဲ့ပေပြီ။ ကျွန်တော့်ရှေ့သို့ လူတစ်ယောက်လာထိုင်သည်။ ထိုသူကို ကျွန်တော် စိတ်မဝင်စားတော့၊ ယောက်ျားတစ်ယောက်၏ ကိုယ်နံ့နှင့်တူသော စီးကရက်နံ့က နှာခေါင်းထဲသို့ ခပ်ရိုင်းရိုင်းဝင်လာသည်။

'အတော်သနားစရာကောင်းတဲ့ မိန်းကလေးပဲနော်'

'ဗျာ . . . ဗျာ . . . ' ထိုလူစကားကြောင့် ကျွန်တော့်နှုတ်ဖျားမှာ အာမေဋိတ်ထွက်သွားရသည်။

'ဩော် . . . ခုန ခင်ဗျားရှေ့မှာထိုင်ခဲ့တဲ့ အမျိုးသမီးကို ပြောတာပါ။ ရုပ်ကလေးလှပပြီး မျက်စိက မမြင်ရှာဘူး'

ကျွန်တော်သည် ရှေ့မှလူကို ဘာမှပြန်မပြောတော့။


'မာလာ - မာလာ၊ သူမသည် ကျွန်တော်ကဲ့သို့ မျက်မမြင်ဒုက္ခိတတစ်ဦး ဖြစ်နေပါကလား'

မည်သို့ပင်ဖြစ်စေ မာလာထံမှ သင်းရနံ့တို့ကတော့ ကျွန်တော့်တစ်ကိုယ်လုံးကို သင်းပျံ့လွှမ်းခြုံ ကျန်ရစ်ခဲ့သည်။

'ဆန္ဒရှိလျှင်၊ မာန်ဝင်စိတ်ငြိုး၊ ပန်းစိုက်အိုးကို၊ ချိုးဖွဲ့ ချေမွနိုင်ပါ၏။ သို့ပါသော်ငြား၊ နှင်းဆီများ၏၊ ထင်ရှားညှင်းညှို့၊ မွှေးရနံ့မူ၊ သင်းပျံ့တည်ရှိနေပေသည်'

မြဝတီမဂ္ဂဇင်း
စက်တင်ဘာ ၊ ၁၉၇၅

# ရင်နာပြုံး





ယနေ့ စနေနေ့။

ဆယ့်နှစ်နာရီခွဲကပင် ရုံးဆင်းခဲ့သည်။ သို့သော် ကျွန်တော်သည် တစ်နာရီခွဲသည့်တိုင်အောင် သာကေတရှိ နေအိမ်သို့ မပြန်နိုင်သေး။ ထိုသို့ မပြန်နိုင်ခြင်းမှာ မြို့ထဲတွင် တစ်စုံတစ်ခုသောကိစ္စ ရှိနေသောကြောင့် မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်က မပြန်လိုသေး၍လည်း မဟုတ်ပါ။ ကျွန်တော် ပြန်ချင်လှပါပြီ။ အိမ်တွင် တစ်ဦးတည်း အားငယ်နေမည်ဖြစ်သော ချစ်ဇနီးထံသို့ ရောက်ချင်လှပါပြီ။ ကျွန်တော်၏ဇနီးမှာ လစေ့နေပြီဖြစ်သော သန္ဓေသားကို လွယ်ဆောင်ထားရသည်။

ကျွန်တော်သည် ၃၈ လမ်းထိပ်ရှိ ကားမှတ်တိုင်အနီးတွင်ရပ်ရင်း လာခဲလှသောကားကို စောင့်မျှော်နေရသည်။ ဤမှတ်တိုင်မှ ကားစောင့်သည်မှာ နာရီဝက်ခန့်မျှ ကြာသွားပေပြီ။ ကားများမှာ လာတော့ လာကြပါ၏။ သို့သော်လည်း ခြေတစ်ဖဝါး ချနိုင်ရုံလောက်ပင် နေရာမရှိ။ ထို့ကြောင့် ကျွန်တော်သည် ယခုတိုင်အောင် ကားစောင့်နေရခြင်းဖြစ်သည်။

'ကိုမိုးကျော်၊ မပြန်ရသေးဘူးလားဗျ'

နောက်ဘက်မှ အသံကြား၍ လှည့်ကြည့်လိုက်သည်။ ကျွန်တော်နှင့်တစ်ရုံးတည်း လုပ်ဖော်ကိုင်ဖက်ဖြစ်သော ကိုလှသိန်းကိုတွေ့ရသည်။

'မပြန်ရသေးဘူးဗျာ။ ကားကလည်း သိပ်လာခဲနေတယ်။ ရောက်လာတဲ့ကား ကျပြန်တော့လည်း ခရီးသည်တွေ ပြွတ်သိပ်နေတယ်။ ခင်ဗျားကော ဘယ်သွားမလို့လဲ'

'ပုဇွန်တောင်သွားမလို့ဗျ'

ကိုလှသိန်းက လမ်းမကြီးတစ်လျှောက်ကို မျှော်ကြည့်ရင်းပြောလိုက်သည်။ ယခုလာနေသောကားမှာ ကျွန်တော်ပြန်ရမည့် ၇ ရပ်ကွက်၊ ခိုင်ရွှေဝါလမ်းတွင် ရပ်ပေမည်။

'ကားပေါ်က ခရီးသည်တွေအဆင်းကိုစောင့်ပါ။ အများကြီးဆင်းမှာပါ။ အားလုံးကို တင်ခေါ်မယ်'

ကားရပ်လိုက်သည်နှင့် တစ်ပြိုင်နက် လက်မှတ်ရောင်းသူ၏အသံက ပေါ်ထွက်လာသည်။ ဟုတ်သည်၊ ဤမှတ်တိုင်တွင် ဆင်းသူများပါ၏။ ကားမှာလည်း လူချောင်နေသောကြောင့် ခရီးသည်တို့မှာ တိုးဝှေ့တက်ဆင်းခြင်းမရှိကြ။ ကျွန်တော်သည် ကား၏ရှေ့ပေါက်ခြေနင်းခုံတွင် ခြေတစ်ဖက်ကိုတင်ရင်း ခရီးသည်တို့၏အဆင်းကို စောင့်နေလိုက်သည်။ ကားထဲတွင် နေရာလွတ် ရှိမရှိကိုလည်း မျက်စိကစားလိုက်သည်။ ကျွန်တော်လိုနေသော နေရာလွတ်ကိုတော့ တွေ့ရပါပြီ။ ဤနေရာလွတ်ကို ကျွန်တော် လက်လွတ်မခံနိုင်ပါ။ ပင်ပန်းနွမ်းနယ်နေသော ခန္ဓာကိုယ်နှင့် ခြေထောက်တို့ကို ဤနေရာလွတ်တွင်ထိုင်ရင်း အနားပေးရပေမည်။

ကားထဲမှ ဆင်းသူကုန်သွားသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် ကားပေါ်သို့ အပြေးအလွှား တက်လိုက်သည်။ ပြီးတော့ နေရာလွတ်တွင် ကပျာကရာပင် ဝင်ထိုင်လိုက်သည်။

'ကိုမိုးကျော် ကံကောင်းတာပေါ့ဗျာ။ ခင်ဗျားက ခရီးရှည်သွားရမယ့်သူဆိုတော့ ထိုင်ရမှဖြစ်မယ်'

ကိုလှသိန်း၏အသံကိုကြားတော့မှ သူ့ကို သတိထားကြည့်မိသည်။ သူသည် ခေါင်းပေါ်မှ လက်ကိုင်တန်းကိုကိုင်ကာ ကျွန်တော့်နောက်နားတွင် ရပ်နေသည်။

မှတ်တိုင်နှစ်တိုင်ခန့်လောက် ရပ်မိသောအခါ ကားထဲတွင် ခရီးသည်များ ပြည့်ကျပ်လာသည်။ ရှေ့ဆုံးခုံတွင် ထိုင်နေသော ကျွန်တော့်အတွက်လည်း ထိုင်ရသည်မှာ မလွတ်မလပ်ဖြစ်လာသည်။ ပြီးတော့ ပေါင်ဒါနံ့၊ ချွေးနံ့တို့ကလည်း နှာခေါင်းတွင်းသို့ အလုအယက်ဝင်ရောက်လာကြသည်။ မည်သို့ပင်ဖြစ်စေ ထိုင်စရာနေရာ ရထားသည်ကိုပင် ကျေနပ်နေရသည်။

'ကိုမိုးကျော်၊ ဆင်းတော့မယ်ဗျာ' ပုဇွန်တောင်ဈေးမှတ်တိုင်သို့ ရောက်သောအခါ ကိုလှသိန်းသည် အခြားခရီးသည်များနှင့်ရော၍ ဆင်းသွားသည်။ ဤမှတ်တိုင်တွင် ဆင်းသူများသလို တက်သူကလည်း များလှသည်။

'အစ်မကြီး ဖြည်းဖြည်းတက်၊ ဖြည်းဖြည်း'

ခရီးသည်ထဲမှ အသံတစ်သံကြောင့် ကားအပေါက်ဝသို့ ကြည့်လိုက်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက်။ ပြီးတော့ လက်တစ်ဖက်တွင် ဈေးဆွဲခြင်းတစ်ခု။

အမျိုးသမီးသည် ကားမောင်းသူနောက်မှ သံတိုင်ကိုကိုင်ရင်း ဟိုဟို သည်သည် ကြည့်လိုက်သည်။ ကျွန်တော်သည် အမျိုးသမီး၏ အကြည့်ကို ကောင်းစွာနားလည် သဘောပေါက်ပါ၏။ ဤ ကိုယ်ဝန်ဆောင် အမျိုးသမီးသည်ကား ထိုင်စရာနေရာ ရှာဖွေနေခြင်းပေတည်း။

သူမသည် ဟိုဟိုသည်သည် ကြည့်နေရာမှ နောက်ဆုံးတွင် သူနှင့် အနီးဆုံးဖြစ်သော ကျွန်တော့်ကိုကြည့်လိုက်သည်။ ကျွန်တော်သည် အမျိုးသမီး၏အကြည့်ကို ရင်မဆိုင်ဘဲ ခေါင်းကိုငုံ့ပစ်လိုက်သည်။

'ငါ သူ့ကိုနေရာပေးလိုက်ရင်တော့ ငါရပ်ပြီး လိုက်ရတော့မှာပဲ'

ပင်ပန်းနွမ်းနယ်နေသော ခန္ဓာကိုယ်နှင့် ရုန်းကန်လှုပ်ရှားခဲ့ရသော ခြေထောက်တို့ကြောင့် ကားထဲတွင် ရပ်လိုက်ရမည့်အဖြစ်ကို စိတ်ထဲမှ ပယ်ဖျက်လိုက်သည်။

ကျွန်တော်သည် အမျိုးသမီးကို မရဲတရဲ မော်ကြည့်လိုက်မိပြန်သည်။ ကျွန်တော်၏လှုပ်ရှားမှုကို အကဲခတ်နေဟန်တူသော အမျိုးသမီးမှာ ကျွန်တော့်ထံမှ မျက်စိကိုမခွာနိုင်သေး။ သူမ၏အကြည့်မှာ တိုးလျှိုးတောင်းပန်သောအသွင်ကို ဆောင်နေသည်။

ကျွန်တော်က မျက်စိကိုလွှဲလိုက်ကာ အခြားထိုင်ခုံများသို့ကြည့်လိုက်သည်။ မိန်းကလေးများနှင့် အသက်အရွယ် ကြီးရင့်သူများသာ ထိုင်ခုံများတွင်ရှိနေကြသည်။ ကျွန်တော်ထိုင်နေသော သုံးယောက်ထိုင်ခုံမှာလည်း ကျွန်တော်သာ အမျိုးသမီးနှင့်နီးစပ်ပြီး အစွန်ဆုံးဖြစ်နေသည်။

'ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက် ရှေ့မှာရပ်နေတာကို စေ့စေ့ကြည့်ပြီး ထိုင်နေနိုင်တဲ့လူလည်း ရှိသေးတယ်နော်'

ခရီးသည်ထဲမှ အသံတစ်သံက ပေါ်ထွက်လာသည်။

'လူလို့သာခေါ်ရပြီး လူလိုအသိမရှိတော့လည်း ဒီလိုပဲပေါ့'

နောက်တစ်သံထွက်လာပြန်သည်။

ဤအသံများမှာ မတိုးမကျယ်ဖြစ်သော်လည်း ကျွန်တော့်အတွက်တော့ နားဝတွင်တေ့ကာ ဖောက်ခွဲလိုက်သော ဗုံးသံတမျှ ကျယ်လောင်မြည်ဟီးလွန်းလှသည်။

အမျိုးသမီးအား နေရာပေးရမလား၊ သည်အတိုင်း ဆက်လက်ထိုင်နေရတော့မလား ခေါင်းထဲတွင် ပြဿနာနှစ်ခုက လွန်ဆွဲနေသည်။ ကျွန်တော်၏ရင်မှာလည်း လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

ယခုလောက်ဆိုလျှင် မျက်စိပေါင်းမြောက်မြားစွာတို့သည် ကျွန်တော့်အား ရွံရှာမုန်းတီးစွာ ကြည့်နေကြရော့မည်။ ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုသံများကလည်း ပိုမိုများပြားလာသည်။

ပေါက်သောနဖူး မထူးတော့ပြီ။ သည်လောက် အပြောအဆိုခံရပြီးမှတော့ ဤနေရာတွင်ပင် ဆက်လက်၍ ထိုင်ပေတော့မည်။

ကျွန်တော်သည် မျက်နှာကိုတင်းပြီး အမျိုးသမီးအား မသိမသာစောင်းငဲ့၍ကြည့်လိုက်သည်။ အမျိုးသမီးမှာ ကျွန်တော့်လို လူ့ဗာလတစ်ဦးထံမှ မည်သည်ကိုမျှ မျှော်လင့်တော့ဟန်မရှိတော့ဘဲ သံတိုင်ကိုကိုင်ကာ ကားရှေ့ဘက်သို့ကြည့်နေသည်။ သည်တော့မှ ကျွန်တော်သည် သက်မကြီးကိုချနိုင်တော့ကာ ကားရှေ့ရှုပြေးရာသို့ လိုက်ပါနေရသည်။ ယခု ကျွန်တော်ထိုင်နေသောနေရာကိုလည်း ကျွန်တော်ဆင်းရမည့် မှတ်တိုင်ရောက်မှသာ ဖယ်ပေးတော့မည်။

'ဟဲ့ . . . ဟဲ့ . . . သေတော့မှာပဲ'

ကားမောင်းသူ၏အသံနှင့်အတူ အရှိန်နှင့်မောင်းလာသော ကားမှာလည်း တုံ့ခနဲ ရပ်လိုက်သည်။

'အမေ့ . . .'

ကားရပ်လိုက်သောအရှိန်ကြောင့် ခရီးသည်များမှာ ရှေ့သို့ ဟပ်ထိုးဖြစ်သွားခြင်းနှင့်အတူ ညည်းညူသံတစ်ခု ပေါ်ထွက်လာသည်။

'ဟဲ့ . . . ဟဲ့ - လုပ်ကြပါဦး။ ဒီမှာ ဘာဖြစ်သွားတယ်မသိဘူး'

အလန့်တကြား ကြားလိုက်ရသောအသံကြောင့် ငုံ့ထားသော ခေါင်းကို မော့လိုက်သည်။

မြင်ကွင်းသည် ကျွန်တော့်ရင်ကို သိမ့်သိမ့်ခါမျှ နာကျင်သွားစေသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးကို မိန်းမကြီးတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်က ဖေးမထားသည်။

'ဘယ်လိုဖြစ်သွားလဲ ဒေါ်ဒေါ်'

ကားမောင်းသူက သူ့ရှေ့မှန်ထဲသို့ကြည့်ကာ မေးလိုက်သည်။

'ကားဘရိတ်ဖမ်းလိုက်တော့ သံတိုင်နဲ့ ဝမ်းဗိုက်နဲ့ ဆောင့်မိသွားတယ် ထင်ပါရဲ့ကွယ်'

အမျိုးသမီးကြီး၏ စကားကြောင့် ကျင်စက်နှင့်တို့လိုက်ဘိသကဲ့သို့ ဆတ်ဆတ်ခါမျှ နာကျင်သွားရသည်။

'ဟင်၊ ဟုတ်လား၊ ကျွန်တော်လည်း လူတစ်ယောက်ကို ရှောင်လိုက်ရင်း ဘရိတ်ဖမ်းလိုက်မိတယ်။ ဘယ်လိုနေလဲ၊ သတိကောရရဲ့လား'

'ကလေးမ . . . ကလေးမ'

ကားမောင်းသူပြောလိုက်မှ အမျိုးသမီးကြီးမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးကို ခေါ်ကြည့်မိသည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးထံမှမူ ညည်းညူသံမှတစ်ပါး မည်သို့မျှတုံ့ပြန်မှုမရ။

ကျွန်တော်သည် ရင်တထိတ်ထိတ်နှင့်ပင် ကိုယ်ဝန်ဆောင်အမျိုးသမီးကို ကြည့်နေမိသည်။ သူမမှာ နာကျင်မှုဝေဒနာကို ခံစားရင်း နှုတ်ခမ်းအစုံမှာ ခပ်မဲ့မဲ့ဖြစ်နေသည်။ ကျွန်တော် ဆက်လက်မကြည့်ရဲတော့ပါ။ မဲ့နေသော သူမ၏နှုတ်ခမ်းအစုံသည် နာကျင်မှု၊ နာကြည်းမှု၊ ရွံရှာမုန်းတီးမှုတို့ကို ဖော်ပြနေသည်ဟု ကျွန်တော်ထင်သည်။ ဤသို့ဆိုလျှင် သူမနာ

ကြည်းရမည့်သူ၊ ရွံမုန်းရမည့်သူသည် မည်သူဖြစ်သနည်း။ ငမိုက်သား ကျွန် တော် မိုးကျော်မှတစ်ပါး မည်မသူမျှမဖြစ်နိုင်။

'ဒီလိုကြည့်နေလို့ မဖြစ်သေးဘူး။ ဆေးရုံကိုပို့မှဖြစ်မယ်။ တောက် . . . လူတွေဟာ လူလိုအသိတရားမရှိကြလို့ ခုလိုဖြစ်ရတာ'

ခရီးသည်ထဲမှ နာနာကြည်းကြည်း ပြောလိုက်သံတစ်ခုပေါ်ထွက် လသည်။

'အေးဗျာ၊ ခုလောက်ထိ ထိုင်စရာမက်မောနေရင်လည်း ကိုယ် ပိုင်ကားဝယ်စီးရောပေါ့'

ကျွန်တော့်ရှေ့တွင် ကျွန်တော့်အကြောင်း မကောင်းပြောနေကြ သော်လည်း ကျွန်တော်မည်သို့မျှ မတတ်နိုင်ပါ။ မျက်နှာပြောင်တိုက်ကာ သာ ထိုင်နေရသည်။

'လူဆိုရင် ခုလောက် တစ်ကိုယ်ကောင်းမဆန်ဘူး'

ကျွန်တော် ဆက်လက်၍ မကြားနိုင်တော့ပါ။ ထို့ကြောင့် နား နှစ်ဖက်ကို လက်နှင့်ပိတ်ရင်း ကားထဲမှဆင်းလိုက်သည်။ ပြီးတော့ နောက် ဘက်မှပေါ်ထွက်လာသော အသံများနှင့်လွတ်အောင် ခပ်သွက်သွက်က လေး လှမ်းလိုက်သည်။

* * * *

အိမ်သို့ရောက်သောအခါ အိမ်နီးအိမ်နားမှ မိန်းမများကို ကျွန် တော်၏ အိမ်ကျဉ်းကလေးတွင် တွေ့ရသည်။ သည်တော့လည်း လေးလံ ထိုင်းမှိုင်းနေသောစိတ်၊ ထိခိုက်နာကျင်လာသော စိတ်တို့မှာ စိုးရိမ်ကြောင့် ကြခြင်းသို့ ကူးပြောင်းလာသည်။

'ကြည်ဖြူ . . . ဘာဖြစ်လဲ ဟင်၊ သူ ခု သားသားလေး မွေးပြီ လား'

ကျွန်တော်၏ ခရီးရောက်မဆိုက် အမောတကော မေးလိုက်သော စကားကြောင့် အားလုံးက ပြုံးလိုက်ကြသည်။

'ပြောစမ်းပါဗျ၊ ဘာဖြစ်လို့လဲ ဟင်'

ကျွန်တော်က ပြောပြောဆိုဆို အိမ်ခန်းထဲသို့ဝင်ရန် ခြေလှမ်း ပြင်လိုက်သည်။

'နေဦးလေ၊ မွေးတော့မယ်။ ခု ဝမ်းဆွဲဆရာမ အခေါ်သွားနေ တယ်' မမြင့်ကြွေက ကျွန်တော်၏ လက်မောင်းကို လှမ်းဆွဲရင်းပြောသည်။ သည်တော့မှ ကျွန်တော် ကိုယ်ရှိန်သတ်လိုက်သည်။

ချစ်ဇနီး ကြည်ကြည်ဖြူ၏ နွမ်းလျမောဟိုက်သံကလေးက ပေါ် ထွက်လာသည်။

'သားဦးမို့ပါကွယ်။ ဆရာမလည်း ရောက်တော့မှာပဲ'

သည်အသံက ခေါင်းရင်းအိမ်မှ ကြီးကြီးဒေါ်အေးမြင့်၏ အသံ ဖြစ်သည်။

'အစ်ကိုကော မရောက်သေးဘူးလားဟင်၊ ကြီးကြီးရယ်'

ကြည်ကြည်ဖြူသည် နာကျင်စွာ ဝေဒနာခံစားနေရသည့်ကြားမှ ကျွန်တော့်ကို မေးနေသည်။ ကြည်ကြည်ဖြူ့စကားကြောင့် ကျွန်တော့်ရင် သည် တလှပ်လှပ်ခုန်လာသည်။

'အစ်ကိုရောက်နေပြီ၊ ကြည်ဖြူဘာမှအားမငယ်နဲ့' ဟု ကျွန်တော် က အခန်းပြင်မှလှမ်းပြောလိုက်သည်။

'ဟင်း . . . ခုမှအဖြစ်သည်းနေလိုက်တာ၊ ဒီနေ့ဒီရက်မှာ မွေးမယ် ဆိုတာ စောစောက မသိလို့လား'

အိမ်ထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားနေသော ကျွန် တော့်ကို မထွေးစိန်က အပြစ်တင်လိုက်သည်။ တကယ်တော့ မထွေးစိန်

ပြောမည်ဆိုလည်း ပြောစရာပင်။ ကြည်ကြည်ဖြူ၏ ကိုယ်ဝန် လစေ့နေပြီ ဖြစ်ကြောင်းကို ကြည်ကြည်ဖြူရော ကျွန်တော်ပါ သိနေသည်။ သို့သော် လည်း ကျွန်တော်သည် ရုံးမှခွင့်ရက်ကြိုတင်မယူခဲ့။ ကြည်ကြည်ဖြူ ကလေး မျက်နှာမြင်သောနေ့တွင်မှ ခွင့်ယူရန်စီစဉ်ထားသည်။ သို့မှ သွေးသားနုနု နယ်နယ်နှင့် ချစ်ဇနီးကို ရက်ကြာကြာ ပြုစုနိုင်မည်မဟုတ်ပါလား။ ထို့ကြောင့် လည်း ဆွေမျိုးရင်းချာတမျှ ခင်မင်ရင်းနှီးနေသော အိမ်နီးအိမ်နားတို့ကို စောင့်ရှောက်ကူညီပါရန် တောင်းပန်မှာကြားရသည်။

ယနေ့လည်း ကျွန်တော် ရုံးသို့မသွားမီကပင် အကြောင်းကြီးငယ် ရှိပါက ကူညီပါရန် ကြီးကြီးဒေါ်အေးမြင့်ကို မှာထားခဲ့ရသည်။ တကယ် တော့ ကြည်ကြည်ဖြူသည် ကျွန်တော် ရုံးသို့သွားသည်ထိ မွေးဖွားမည့် အရိပ်လက္ခဏာ လုံးဝမဖော်ပြသေးပေ။

'ဗိုက်ထဲက ကလေးတိုးတယ် ထင်ပါရဲ့ ကြီးကြီးရယ်၊ သိပ်နာ တာပဲ'

မောဟိုက်ပန်းလျနေသော ကြည်ကြည်ဖြူ့စကားသည် ကျွန်တော့် ရင်ကို လာဆောင့်နေသည်။ ကျွန်တော်သည် စိတ်လှုပ်ရှားစွာနှင့်ပင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။

'ဆရာမ လာပြီ၊ ကြွပါ ဆရာမ၊ ကြွပါ . . .'

မမြင့်ကြွေက ဆရာမကို ကြိုဆိုရင်း ဆရာမအိတ်ကို လှမ်းယူ လိုက်သည်။ ကျွန်တော်ကတော့ အိမ်ပေါ်သို့ ဖျတ်ဖျတ်လတ်လတ် တက် လာသော ဆရာမကိုကြည့်ရင်း အားတက်လာသည်။

'လွယ်လွယ်ကူကူနဲ့ မနာမကျင်ရအောင် မွေးပေးပါဆရာမရယ်'

ကျွန်တော်က ဆရာမကို တောင်းတောင်းပန်ပန်ပြောလိုက်သည်။ ဆရာမက ပြုံး၍ ခေါင်းညိတ်ပြသည်။

'ရှင် အခန်းထဲကို လိုက်မလာခဲ့နဲ့နော် ကိုမိုးကျော်'

မမြင့်ကြွေက ရယ်မောပြောဆိုရင်း ဆရာမနောက်မှ အခန်းထဲသို့ ဝင်လိုက်သွားသည်။

'သားသားလေး ဖြစ်လေမလား . . .'

'မီးမီးလေး ဖြစ်လေမလား . . .'

ကျွန်တော်သည် နာရီပိုင်းအတွင်းတွင် ကလေးအဖေ ဖြစ်ရပေတော့မည်။ မွေးဖွားလာတော့မည့် ရင်သွေးငယ်၏ ရုပ်သွင်၊ အသံစာစာနှင့် ငိုယိုသံ စသည်စသည်တို့ကို ကျွန်တော် မြင်လိုကြားလိုလှပါပြီ။

* * * *

'သားဦးဖြစ်နေလို့ မွေးရဖွားရတာ မလွယ်ဘူး မောင်မိုးကျော်၊ ဒီတော့ ဂျမခါနာဆေးရုံကို ပို့ရမယ်လို့ ဆရာမကပြောတယ်'

ကြီးကြီး ဒေါ်အေးမြင့်၏စကားကို ကြားရသောအခါ ကျွန်တော်သည် အထိတ်တလန့် ဖြစ်သွားရသည်။

ပြီးတော့ ကျွန်တော်၏ဦးခေါင်းအား ထက်လှစွာသော မိုးကြိုးသွားနှင့် ခွင်းလိုက်ဘိသကဲ့သို့ ခံစားလိုက်ရသည်။

'ခင်ဗျာ . . . ခင်ဗျာ . . . ဂျမခါနာကို ပို့ရမယ်တဲ့လား'

နောက်ဆုံးတွင် စိတ်ကို အတတ်နိုင်ဆုံးတင်းထားလိုက်ပြီး ထစ်ထစ်ငေါ့ငေါ့နှင့် မေးလိုက်သည်။

'အချိန်သိပ်ကြာနေလို့ မဖြစ်ဘူး။ ကားငှားပြီး တစ်ခါတည်း သွားမှဖြစ်မယ်'

ကြီးကြီးဒေါ်အေးမြင့်၏စကားကြောင့် ကျွန်တော်သည် ကားလမ်းမဆီသို့လာခဲ့သည်။ ယခုလိုမွေးဖွားတော့မည့် အမျိုးသမီးတစ်ဦးကို

လိုင်းပြေးဘတ်စ်ကားနှင့် တင်၍မဖြစ်၊ ထို့ကြောင့် သုံးဘီးဖြစ်စေ၊ လေးဘီး ဖြစ်စေ တစ်ခုခုကို ငှားရပေမည်။

အဆင်သင့်ပင် သုံးဘီးကားတစ်စီး မောင်းနှင်လာသည်။ ကျွန်တော်သည် သုံးဘီးကားကို လက်ပြ၍ တားလိုက်သည်။ သို့သော် ကားကလေးမှာ တန့်ရပ်ခြင်းမရှိဘဲ လက်ခါပြပြီး ဆက်လက်မောင်းနှင်သွားသည်။ ကျွန်တော်သည် မောင်းနှင်သွားသော ကားကလေးကို မကျေမနပ်ကြည့်ရင်း အခြားကားတစ်စီးကို စောင့်ရပြန်သည်။

မကြာပါ။ လာနေပါပြီ။ ဤကားကလေးကို လက်လွှတ်ခံ၍မဖြစ်။ ထို့ကြောင့် ကျွန်တော်သည် ကားရှေ့မှရပ်ကာ လက်ပြတားလိုက်သည်။

'ကျွန်တော့် အမျိုးသမီး မီးမဖွားနိုင်လို့ဗျာ၊ အဲဒါ ဂျမခါနာကို ပို့ပေးပါ'

'ကျွန်တော့်မှာလည်း အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ တိုက်ဆိုင်နေတယ်ဗျာ။ အခြားကားတစ်စီးကိုသာ စောင့်လိုက်ပါ'

အရှိန်သတ်၍ ရပ်နေသော ကားကလေးမှာ ဘီးလိမ့်စပြုနေပေပြီ။ ကျွန်တော်သည် သုံးဘီးဆရာကို တောင်းပန်တိုးလျှိုးသောအကြည့်နှင့် ကြည့်လိုက်သည်။ သူသည် ကျွန်တော့်အား မျက်နှာလွှဲထားသည်။ သည်တော့လည်း ဤမျှထိ လူမှုစိတ်ဓာတ် ခေါင်းပါးသူထံတွင် ကျွန်တော်ဆက်လက် အသနားမခံလိုတော့။

'တောက် . . . ရိုင်းလိုက်လေကွာ'

နာကြည်းစွာ ပြောဆိုရေရွတ်ပြီးသည်၏ နောက်ပိုင်းတွင် အသံတစ်ခုက ကျွန်တော်၏နားထဲသို့ ဝင်ရောက်လာသည်။

'ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ယောက် ရှေ့မှာရပ်နေတာကို စေ့စေ့ကြည့်ပြီး ထိုင်နေနိုင်တဲ့လူလည်း ရှိသေးတယ်နော်'

ကျွန်တော်သည် ဤနေရာတွင် ကြာကြာရပ်မနေတော့ဘဲ ခပ်သွက်သွက် လှမ်းလာခဲ့သည်။ ပြီးတော့ ခေါင်းကိုခါယမ်းနေမိသည်။ ဝိပါက်တရားဆိုသည်မှာ ဤသည်ကိုခေါ် လေသလား။

ကျွန်တော်သည် ရပ်ကွက်ထဲမှ ကားရှိသောအိမ်များကို အပြေးအလွှား စဉ်းစားလိုက်သည်။ ပြီးတော့ ကျွန်တော့်ကိုယ် ကျွန်တော်လည်း များစွာအပြစ်တင်မိသည်။ ကျွန်တော်တို့အိမ်နှင့် သုံးအိမ်ကျော်လောက်တွင် ဒေါ်ဂျစ်တစ်စီးရှိနေသည် မဟုတ်ပါလား။

ကျွန်တော်သည် ထိုအိမ်သို့ သုတ်ခြေတင်ခဲ့သည်။ အဆင်သင့်ပင် ကားရောလူပါ အားလပ်နေသည်မို့ လွယ်လွယ်နှင့်ရခဲ့သည်။ ကားကလေး အိမ်ရှေ့တွင် ရပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် ကားထဲမှ ခုန်ဆင်းပြီး အိမ်ပေါ် သို့တက်ခဲ့သည်။ တအင်းအင်းနှင့် ညည်းညူနေသော ကြည်ကြည်ဖြူ၏အသံမှာ ကျွန်တော့်အတွက် စိတ်မချမ်းသာစရာဖြစ်နေသည်။

ကျွန်တော်သည် အမျိုးသမီးအဖော်များအကူအညီဖြင့် ကြည်ကြည်ဖြူကို ကားပေါ် သို့တင်လိုက်သည်။ ပြီးတော့ အသင့်ခင်းပြီးနေသော အခင်းပေါ် တွင် လဲလျောင်းနေစေပြီး သူမ၏ခေါင်းကို ကျွန်တော့်ပေါင်ပေါ် တွင် တင်ထားသည်။ ကြည်ကြည်ဖြူမှာ ကားထဲတွင် မှိန်းလိုက်လာသည်။ တစ်ခါ,တစ်ခါလည်း သူမ၏ပါးလျသော နှုတ်ခမ်းအစုံမှာ ခပ်မဲ့မဲ့ကလေးဖြစ်သွားသည်။

'ကြည်ဖြူ ၊ ဘာမှအားမငယ်နဲ့နော်။ အနားမှာ အစ်ကိုရှိတယ်။ ပြီးတော့ ဆရာမလည်းပါလာတယ်' ကျွန်တော့်စကားကြောင့် ကြည်ကြည်ဖြူ မျက်လုံးဖွင့်လာသည်။

'ကြည်ဖြူ၊ အားမငယ်ပါဘူး အစ်ကိုရယ်၊ သားသားလေး မွေးရမှာမို့ ပျော်တောင်ပျော်သေးတယ်'

နာကျင်နေသော ကျွန်တော့်ရင်မှာ ကြည်ကြည်ဖြူ့စကားကြောင့် အေးမြသွားရသည်။ မိခင်လောင်းတို့၏ ကရုဏာသည် ကြီးမားလှပေစွ။

ကျွန်တော်သည် ကားကလေး ရှေ့ရှုမောင်းနှင်ရာသို့ လိုက်ပါနေရင်း ကြည်ကြည်ဖြူ့မျက်နှာကို တစိမ့်စိမ့်ကြည့်နေမိသည်။ ဖြူဝင်းနေသော မျက်နှာပေါ်တွင် သွေးရောင်ဖျော့ဖျော့က သန်းလာသည်။

'ဦးမိုးကျော်၊ ဆေးရုံကို ရောက်ပြီလေ'

အတူပါလာသော သားဖွားဆရာမ၏စကားကို ကြားရတော့မှ သတိထားမိသည်။ ကျွန်တော် မည်သို့မျှ မလှုပ်ရှားသေးမီမှာပင် ဆရာမသည် ကားပေါ်မှဆင်း၍ ဆေးရုံထဲသို့ဝင်သွားသည်။

ကျွန်တော်သည် ဆေးရုံအလုပ်သမားများ အကူအညီဖြင့် ကြည်ကြည်ဖြူကို လက်တွန်းလှည်းပေါ်သို့ တင်ပေးလိုက်သည်။ ပြီးတော့ ကျွန်တော့်ရှေ့မှ တွန်းယူသွားသော လှည်းကလေးကို မျက်စိတစ်ဆုံးကြည့်လိုက်သည်။ ကျွန်တော့်ဇနီးသည် လှည်းပေါ်တွင် လဲလျောင်းလိုက်ပါသွားသည်။ ဤမြင်ကွင်းကို မြင်ရတော့ ရင်တလှပ်လှပ်ခုန်ပြီး ဝမ်းနည်းသလို ခံစားလာရသည်။

'ဘယ့်နှယ် တိုက်ဆိုင်လှချည်လား'

ဘေးနားမှ အသံကြောင့် လှည့်ကြည့်လိုက်သည်။

'ကျွန်တော့်ကို မမှတ်မိဘူးနဲ့တူပါရဲ့။ ကားထဲမှာ ကိုယ်ဝန်ဆောင် အမျိုးသမီး သတိမေ့နေတော့ တွဲထားတဲ့လူလေ'

သူ့အသံမှာ သရော်သံ၊ ခနဲ့သံ ပါနေသည်။

'ပြော် . . .'

ကျွန်တော့်နှုတ်ဖျားမှ သည်မျှလောက်သာ ထွက်နိုင်သည်။

'ခင်ဗျားအမျိုးသမီး ချောချောမောမော မွေးနိုင်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။ ကျွန်တော်တို့လူနာတော့ ဘယ်အခြေအနေမှာ ရှိနေတယ်မသိဘူး'

သူ့နောက်ဆက်တွဲစကားကြောင့် ကျွန်တော်က ကားထဲမှအဖြစ်အပျက်တို့ကို မြင်ယောင်လာသည်။ အထူးသဖြင့် ဝမ်းဗိုက်နှင့်သံတိုင် ထိမိသောအခါ သတိမေ့သွားပြီး နှုတ်ခမ်းခပ်မဲ့မဲ့ကလေးဖြစ်နေသော အမျိုးသမီး၏သဏ္ဌာန်သည် မျက်စိအစုံတွင် ပေါ်လာသည်။ ဤသဏ္ဌာန်သည် ကျွန်တော့်အား နာကြည်းမှုအပြည့်နှင့် ပြက်ရယ်ပြုနေသော သဏ္ဌာန်။

ကျွန်တော်သည် မျက်စိအစုံကို မှိတ်ထားလိုက်သည်။ ရိုင်းပြမိုက်မဲလှသော ကျွန်တော့်ကိုယ် ကျွန်တော်လည်း ခွင့်လွှတ်၍မရတော့။ အကယ်၍သာ ကျွန်တော့်ဇနီး ကြည်ကြည်ဖြူ ဤအဖြစ်မျိုးနှင့် ကြုံရသော် . . . အို . . . ကျွန်တော် ဆက်လက်မတွေးတောနိုင်တော့ပါ။ ကျွန်တော်၏ ရင်မှာ နာကျင်လှပါပြီ။ အပြင်မှ ထိခိုက်၍ နာကျင်ရသောဒဏ်သည် အချိန်ကာလတစ်ခုတွင် ပျောက်ကင်းနိုင်၏။ အတွင်းမှ နာကျင်ရခြင်းသည် မည်သည့်အခါမှ ပျောက်ကင်းနိုင်ပါမည်နည်း။

'ဦးမိုးကျော် ဘာမှ မစိုးရိမ်ပါနဲ့။ အခြေအနေ အားလုံးကောင်းတယ်'

ဝမ်းဆွဲဆရာမလေးသည် သတင်းပို့ပြီး ပြန်လည်ထွက်ခွာသွားသည်။


'ကြားရတာ ဝမ်းသာပါတယ်ဗျာ'

စောစောကလူသည် ကျွန်တော့်ပခုံးကို ပုတ်၍ လှိုက်လှိုက်လှဲလှဲနှင့် ပြောလိုက်သည်။ ကျွန်တော်သည် သူ့ကိုကြည့်၍ ပြုံးပြလိုက်သည်။

သို့သော် . . . ကျွန်တော်၏အပြုံးသည် ရင်ထဲမှ နာကျင်မှုဝေဒနာကို ခံစားရင်း ပြုံးရသောအပြုံးဆိုသည်ကို ထိုသူ သိမှသိပါလေစ။

မြဝတီမဂ္ဂဇင်း
ဒီဇင်ဘာ ၊ ၁၉၇၃

# မေတ္တာစိမ့်စမ်း




2014

'ဖေဖေကြီးလာပြီ။ တို့ ဖေဖေကြီး ကျန်လာပြီ'

သမီးငယ် ခိုင်သဇင်သည် ဝန်းခြံဝတွင်သာ ရှိသေးသော ကျွန်တော့်ထံသို့ အော်ဟစ်ပြေးလွှားလာသည်။ ကျွန်တော်သည် ညာလက်တွင် ရှိနေသော လက်ဆွဲအိတ်ကို ဘယ်လက်သို့ပြောင်းလိုက်ပြီး သမီးငယ်ကို ပွေ့ချီလိုက်သည်။

'သဇင်ဟာလေ ဒီနေ့ဘယ်လိုဖြစ်နေတယ်မသိဘူး။ ဖေဖေကြီး ဖေဖေကြီးနဲ့ တဖေဖေဖြစ်နေတယ်' အစ်မကြီးက အိမ်ပေါ်သို့တက်လာသော ကျွန်တော့်ကို ဆီးပြောလိုက်သည်။

အစ်မကြီးစကားကြောင့် ကျွန်တော့်ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ ပြီးတော့ သမီးငယ် ခိုင်သဇင်၏ နဖူးကလေးကို ပါးနှင့်ကပ်ထားလိုက်မိသည်။

'သမီးလေး၊ သမီးလေး ခိုင်သဇင်ရယ်' ရင်ထဲမှ ရေရွတ်လိုက်မိသည်။ တကယ်တော့ ကျွန်တော့်ကမ္ဘာလေးတွင် သမီးနှင့်ကျွန်တော် နှစ်ဦးတည်းသာရှိနေသည်။ သူ့အမေသည် လူ့ပြည်တွင် ရှိနေသေးသော်လည်း ကျွန်တော်နှင့် မည်သို့မျှ မသက်ဆိုင်တော့။ ကုန်ခဲ့သော ၂ နှစ်ခန့်က သမီးနှင့်ကျွန်တော့်ကို စွန့်ခွာကာ အိမ်မှဆင်းသွားသည်။ ပြီးတော့ ကျွန်

တော်နှင့် ပြတ်စဲကြောင်း ကြော်ငြာကိုလည်း လွန်ခဲ့သော ၃ လခန့်က သတင်းစာနှစ်စောင်မှ ထည့်သွင်းဖော်ပြခဲ့သည်။ ဤသည်ကို ကျွန်တော် မည်သို့မျှ ကန့်ကွက်ခြင်းမပြုခဲ့။

မေတ္တာဟူသည် အထင်းအစွန်းကင်းမဲ့ပြီး ဖြူစင်သန့်ရှင်းနေရမည်ဟု ကျွန်တော်ခံယူထားသည်။ ထင်းစွန်းနေသောမေတ္တာကို ကျွန်တော် မလိုလား။ ဒါကြောင့်လည်း မစောခိုင်က ကွာရှင်းပြတ်စဲကြောင်း ကြော်ငြာ ထည့်သောအခါ မည်သို့မျှကန့်ကွက်ခြင်းမပြုခဲ့။ သမီးငယ်နှင့် လင်ယောကျ်ား ဖြစ်သူအား သစ်စိမ်းချိုးချိုးရက်သူ မိစိမ်းကားမကြီးကို ရင်ထဲမှာသာ ကျိတ်၍ ဆွေးခဲ့ရသည်။ သူ့ကိုယ်စား သမီးလေးကို ပို၍ချစ်ခဲ့ရသည်။ မိစုံဖစုံ ရှိပါလျက်နှင့် မိဘတို့၏ အေးမြသော မေတ္တာရိပ်ကို မခိုလှုံရရှာသော သမီးအတွက် စိတ်မကောင်းဖြစ်ရသည်။

အကယ်၍ မိစုံဖစုံ တစ်အိမ်တည်းတွင် ရှိနေပါက ကျွန်တော် ရုံးသွားချိန်တွင် သမီးငယ်ကို ခုလို အစ်မကြီးအိမ်တွင် ထားခဲ့ရမည်မဟုတ်။ မိခင်၏ရင်ခွင်လယ်တွင် ရယ်ကာမောကာနှင့် သမီးလေး ပျော်နေပေမည်။ ခုတော့ ကျွန်တော် ရုံးသွားသည်မှစ၍ အစ်မကြီးအိမ်တွင် ထားခဲ့ရသော သမီးငယ်သည် ဖခင်ကို တစာစာနှင့် ခေါ်မြည်တမ်းတနေသည်ဟု အစ်မ ကြီးပြောပြ၍ သိရသည်။ ထိုစကားလုံးများသည် အစ်မကြီးနှုတ်ဖျားမှ ပေါ့ပေါ့တန်တန် ထွက်လာသော်လည်း ကျွန်တော့်အတွက်တော့ မသက် သာလှပါ။ ကျွန်တော်၏ နှလုံးသားအား သံတုံး သံခဲနှင့် ထုနှက်လိုက်ဘိ သကဲ့သို့ နာကျင်လွန်းလှသည်။

ကျွန်တော်သည် သမီးငယ်အား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေလိုက်ပြီးမှ မနက်က သမီးနှင့်အတူ ယူလာခဲ့သော ကစားစရာများ ကို သိမ်းဆည်းရသည်။

'ဟဲ့ . . . ပစ္စည်းတွေ ဘာလို့ သိမ်းနေရတာလဲ။ ကလေးကို ခေါ်သွားမလို့လား။ ဒီက ထမင်းကျွေးပြီးမှ ပြန်ပို့မယ်။ နင် ထမင်းဟင်း ချက်ပြီးအောင် စောင့်ရရင်တော့ ကလေးဆာလို့ ခွေနေတော့မှာပဲ' အစ်မကြီးသည် ကစားစရာကို သိမ်းဆည်းနေသော ကျွန်တော့်ကိုကြည့်ကာ ပြောလိုက်သည်။

'သမီးက အိမ်ပြန်လိုက်ချင်ပြီနဲ့တူတယ် မမကြီးရဲ့' ကျွန်တော်က သမီးငယ်၏ ကစားစရာများကို သိမ်းဆည်းမြဲ သိမ်းဆည်းနေသည်။

'သဇင်ရေ သဇင် . . . ညီမလေး' ခြံဝမှသမီးငယ်အား ခေါ်သံနှင့်အတူ ကျောင်းဆင်းလာကြသော အတာတို့ညီအစ်ကိုနှစ်ယောက်မှာ တဝုန်းဝုန်းနှင့် အိမ်ပေါ်သို့ ပြေးတက်လာကြသည်။ ပြီးတော့ ကုလားထိုင်ပေါ်တွင် ဟန်ရပန်ရထိုင်ကာ ကျွန်တော့်လှုပ်ရှားမှုကို ကြည့်နေသော သမီးကို ညီအစ်ကိုနှစ်ယောက် အလုအယက် မွှေးလိုက်ကြသည်။

အတာနှင့်အတူးတို့ ညီအစ်ကိုနှစ်ယောက်မှာ သမီးကို အတော်ကလေး ချစ်ကြသည်။ သူတို့အမေဖြစ်သော ကျွန်တော့်အစ်မကြီးမှာ သမီးမိန်းကလေး မမွေးဖွားခဲ့။ သည်တော့ မိန်းကလေးမရှိသော မိသားစု၏ ထုံးစံအတိုင်း သူတို့၏ဝမ်းကွဲညီမငယ်ကို ချစ်ရှာကြမည်မှာ မဆန်းလှ။ ပြီးတော့ သမီးငယ် နိုင်သဇင်သည် သူ့အမေ အိမ်ပေါ်မှဆင်းသွားသော နေ့မှစ၍ ဤအိမ်သားစု၏လက်ပေါ်တွင် ကြီးပြင်းခဲ့ရသည် မဟုတ်ပါလား။

'အမလေးဟယ်၊ ဒီညီအစ်ကိုကလည်း သည်းကိုသည်းလွန်းတယ်။ သွား၊ သွား . . . လွယ်အိတ်တွေ ထားလိုက်ကြဦး။ သားတို့အဖေ ရုံးကရောက်တော့ ရေချိုးရမယ်' အစ်မကြီးပြောလိုက်မှ အတာတို့ညီအစ်ကိုမှာ သမီးဆီမှ ထွက်သွားကြသည်။

'သမီး ဒီမှာ ကျန်ခဲ့ဦးနော်၊ အဖေ နောက်တော့မှ လာခေါ်မယ်' ကျွန်တော်သည် သမီးငယ်၏ ကစားစရာ အချို့အဝတ်ကို လက်ဆွဲအိတ် ထဲသို့ထည့်ရင်း ထရပ်လိုက်သည်။

'ဟင့်အင်း . . . ဟင့်အင်း . . . မီးမီးကျန်ဘူးနော်၊ ကျန်ဘူး နော်' သမီးသည် ကုလားထိုင်ပေါ်မှ ဆင်းကာ ကျွန်တော့်ပေါင်ကို ဖက် တွယ်ထားသည်။

'မီးမီး မန်မန်စားပြီးမှ ကြီးကြီး လိုက်ပို့မယ်လေ၊ ပြီးတော့ ဘဘ ကြီးလာရင်လည်း မုန့်တွေပါလာဦးမယ်'

'ကျားဘူးနော်၊ ကျားဘူး။ မီးမီး ဖေဖေကြီးနဲ့ လိုက်မယ်'

'ဟေး . . . ညီမလေး။ ကိုကိုတို့နဲ့ ထမင်းစားပြီးမှ သွားမယ်။ ဖေဖေလာရင် ညီမ မုန့်လည်းစားရဦးမယ်' အတာနှင့်အတူးသည် သမီး ငယ်၏ခါးကို အလုအယက်လာဖက်ကြသည်။

'ဟင့်အင်း မုန့်လည်းကျားဘူး။ မန်မန်လည်းကျားဘူး'

ကျွန်တော်သည် သမီးငယ်နှင့် တူတော်မောင်နှစ်ယောက်အား ငိုင်၍သာကြည့်နေမိသည်။ သမီးငယ်သည် နံနက် ၈ နာရီလောက်ကပင် ကျွန်တော်နှင့်ခွဲကာ အစ်မကြီးအိမ်တွင် ကျန်ခဲ့ရသည်။ ထို့နောက် ရုံးဆင်း ပြီး ၄ နာရီကျော်မှ ဖခင်ကိုတွေ့ရသည်။ နေ့လယ်ချိန်တွင် ဖခင်နှင့်အချိန် များများ ခွဲခွာနေရသော သမီးငယ်သည် ဖခင်၏ ယုယကြင်နာမှုကို ခံချင် ရှာပေလိမ့်မည်။

၁၁ နှစ်နှင့် ၉ နှစ်မျှသာ ရှိကြသေးသော အတာနှင့်အတူးတို့ ဘက်မှကြည့်လျှင်လည်း အဆိုးမဆိုသာပါ။ သမီးငယ် ခိုင်သဇင်ကို သူတို့ မိသားစုသည် လွန်ခဲ့သော ၂ နှစ်လောက်ကစ၍ ထိန်းကျောင်းပြုစုခဲ့ရ

သည်။ ထိုအချိန်က သမီးမှာ တစ်နှစ်မျှသာရှိသေးသည်။ ကျွန်တော်သည် ရုံးသွားချိန်များတွင် သမီးကို အစ်မကြီးအိမ်တွင် အပ်ထားခဲ့ရသည်။ ရုံးက ပြန်လာမှ သမီးငယ်ကို ကျွန်တော့်အခန်းကလေးသို့ ခေါ်ဆောင်လာရသည်။ သမီးငယ်နှင့် နီးနီးကပ်ကပ် အနေများနေသော သူတို့မိသားစုသည် ကျွန်တော်ချစ်သကဲ့သို့ ချစ်ကြမည်မှာ မလွဲပါ။ သို့သော် သမီးသည် ကျွန်တော့်ကိုသာ ခင်တွယ်နေသည်။

'သမီးလေး ကျန်ခဲ့နော်၊ ဖေဖေ မနက်မနက်ချက်ပြီးမှ သမီးကို လာခေါ်မယ်'

မည်သို့ပင် ချော့မော့ပြောဆိုသော်လည်း သမီးငယ်မှာ ကျွန်တော့်ကိုသာ ဖက်တွယ်ထားသည်။ နောက်ဆုံးတွင်တော့ ခေါ်သူများကသာ အရှုံးပေးလိုက်ရသည်။

* * * *

'ဖေဖေကြီး အိမ်ကျန်ရောက်တော့ မီးမီးခြင်ကြီးမယ်နော်။ ဖေဖေကြီးက ခြင်ကြီးလုပ်' သမီးငယ် ခိုင်သဇင်သည် ကျွန်တော့်ပခုံးပေါ်မှ အခန့်သား ထိုင်ပါလာကာ သူ့ဆန္ဒကို တွတ်တီးတွတ်တာနှင့် ပြောလာသည်။

'ဖေဖေကြီးက ထမင်းချက်ရဦးမယ် သမီးရဲ့။ ထမင်းစားပြီးတော့မှ ဖေဖေကြီးက ဆင်လုပ်မယ်။ သမီးက ဖေဖေကြီးကိုစီး ဟုတ်လား'

'ဟင့်အင်း . . . ဟုတ်ဘူးနော်၊ ဟုတ်ဘူးနော်။ ကျန်ရောက်ရင် ခြင်ကြီးမယ်' သမီးငယ်သည် သံစာစာနှင့် သူ့ဆန္ဒကို တင်ပြနေသည်။ ကျွန်တော်သည် သမီးငယ်ကို မည်သို့မျှ ပြန်မပြောတော့ဘဲ ခပ်မှန်မှန်သာ လျှောက်လာခဲ့သည်။ သမီးမှာ ကျွန်တော့်ပခုံးပေါ်မှထိုင်ကာ ကျွန်တော့်ဆံပင်များကို ဖွကစားလာသည်။

'ကဲ . . . သမီးဆင်းဦး။ ဖေဖေ တံခါးသော့ ဖွင့်ဦးမယ်' ကျွန်တော်သည် လက်ဆွဲအိတ်နှင့် သမီးကို ချလိုက်ပြီး တံခါးဖွင့်လိုက်သည်။

'မောင်ဘမိုး ပြန်ရောက်ပြီလားဟေ့။ ဦးလေးတို့ မောင်ဘမိုးကို စောင့်နေတယ်' အိမ်ရှင်များနေထိုင်သော တစ်ဖက်ခန်းမှ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်ကလှမ်းပြောလိုက်သည်။

'ဪ . . . ဟုတ်လားဦးလေး။ ကြွပါ ကြွပါ။ ဒါထက် ဦးလေး တစ်ယောက်တည်းလား'

ကျွန်တော်သည် စိတ်ထဲမှ ထူးဆန်းသလို ခံစားနေရသော်လည်း ဦးကျော်မြင့်တို့ကို ကျွန်တော့်အခန်းဆီသို့ ဖိတ်ခေါ်လိုက်သည်။ ပြီးတော့ သူတို့လာလျှင် အသင့်ထိုင်နိုင်အောင်အတွက် ကုလားထိုင်များနှင့် ဖျာများကိုလည်း ပြင်ဆင်ထားလိုက်သည်။ မကြာမီ ဦးကျော်မြင့်တို့မှာ ကျွန်တော့် အခန်းဆီသို့ ကူးလာကြသည်။

သူတို့ရောက်မလာမီက နှုတ်သွက်အာသွက်ဖိတ်ခေါ်ခဲ့သော ကျွန်တော်သည် သူတို့ရောက်လာတော့ သတိလစ်နေသူတစ်ဦးကဲ့သို့ ငေးကြောင်ကြောင်ကြီး ရပ်နေမိသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်၏ မြင်ကွင်းရှေ့တွင် ရပ်ကွက်ကောင်စီလူကြီးအချို့နှင့် ကျွန်တော်၏ဇနီး ဟောင်း မစောခိုင်အပြင် ယောက္ခမမိန်းမကြီးပါ ပါဝင်နေသောကြောင့် တည်း။

'ဖေဖေကြီး . . . ဖေဖေကြီး'

သမီးငယ်က ကျွန်တော့်လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်မှ သတိဝင်လာသည်။ ကျွန်တော်သည် သမီးကို ပွေ့ချီလိုက်ပြီး မစောခိုင်တို့သားအမိကို အကဲခတ်လိုက်သည်။ မစောခိုင်သည် ညှိုးနွမ်းသောမျက်နှာနှင့်

ခေါင်းငုံ့ထားသော်လည်း သူမ၏မိခင် ဒေါ်မြညွန့်မှာ ကျွန်တော်နှင့်သမီး လေးကို စူးစူးစိုက်စိုက်ကြည့်နေသည်။ ကျွန်တော်သည် ဒေါ်မြညွန့်မျက်လုံး ဒဏ်ကို ရင်မဆိုင်ရဲပါ။ ဤအဘွားကြီးအား မစောခိုင်နှင့်မညားမီကပင် ရှောင်ရှားခဲ့သည်။

'ဦးလေးတို့ လာရင်းကိစ္စကို အမိန့်ရှိပါခင်ဗျာ'

ကျွန်တော်သည် မစောခိုင်တို့ သားအမိဆီမှ မျက်လုံးကို လွှဲ လိုက်ကာ ဦးကျော်မြင့်တို့အား လာရင်းကိစ္စကို မေးလိုက်သည်။

'ကိစ္စကတော့ ဦးလေးတို့ကိစ္စမဟုတ်ပါဘူးကွယ်။ ဒီကဒေါက်တာ ဒေါ်စောခိုင် အကူအညီတောင်းလို့ လိုက်လာတာပါ'

'ဒေါက်တာဒေါ်စောခိုင်'

ကျွန်တော့်နှုတ်ဖျားမှ ဤစကားလုံးက အမှတ်မထင်ထွက်လာ သည်။ ကျွန်တော်သည် အမှတ်မထင်ထွက်လာသော စကားကြောင့် မစောခိုင်ကို မလုံမလဲကြည့်လိုက်မိသည်။ သူမသည် ခေါင်းငုံ့ထားဆဲ။ လူနာခုတင်ပေါ်မှ လူနာများကို ကျွမ်းကျင်နိုင်နင်းစွာ ကုသခဲ့မည်ဖြစ်သော မစောခိုင်သည် ကျွန်တော့်ရှေ့တွင် ကလေးငယ်တစ်ဦးကဲ့သို့ မဝံ့မရဲ ခေါင်း ငုံ့ထားသည်။ သည်တော့ ကျွန်တော် ပိုမိုရဲတင်းလာသည်။

ကျွန်တော် မစောခိုင်ကို စူးစိုက်ကြည့်လိုက်သည်။ ကျွန်တော့် ရင်မှာလည်း တဆတ်ဆတ်ခုန်လာသည်။ သူမသည် ကျွန်တော်နှင့် နေစဉ် ကလိုမဟုတ်ဘဲ ပိုမိုနုပျိုနေသည်။ သူမ၏ရုပ်ရည်နှင့် အသားအရေမှာ အပျို စင်တစ်ဦးနှင့် မည်သို့မျှမခြားနား။ ကျွန်တော် ချစ်ရေးဆိုခဲ့စဉ်ကလိုပင် နုပျိုလျက် . . . ။

ထိုအချိန်က မစောခိုင်သည် ဒုတိယနှစ် ဆေးကျောင်းသူတစ်ယောက်၊ ကျွန်တော်က ရုံးစာရေးဘဝနှင့် လုပ်သားများကောလိပ်ကို တက်နေရသူ၊ ဘဝချင်းက မဟပ်စပ်လှ။

သို့သော် ကျွန်တော်လုပ်နေသော စိုက်ပျိုးရေးရုံးနှင့် ဆေးတက္ကသိုလ် ၁ မှာ နီးသည်။ ကျွန်တော်သည် အလုပ်ပါးချိန်များတွင် သူငယ်ချင်းကိုကျော်လှ လုပ်နေသော ပညာပဒေသာဌာနသို့ တစ်ရက်ခြား၊ နှစ်ရက်ခြားဆိုသလို ရောက်နေသည်။ ပညာပဒေသာဌာနနှင့် ဆေးတက္ကသိုလ် ၁ မှာ တစ်ဆောင်တည်းဖြစ်သောကြောင့် မစောခိုင်နှင့် မျက်မှန်းတန်းမိရာမှ သိကျွမ်းခင်မင်လာသည်။ ထိုမှတစ်ဆင့် သမီးရည်းစားဖြစ်လာကာ အကြင်လင်မယားအဖြစ်သို့ ရောက်ရှိလာသည်။ သို့သော် အရာရှိအရာခံများဖြစ်ကြသော မစောခိုင်၏မိဘများမှာ ကျွန်တော်နှင့် သဘောမတူခဲ့။ မစောခိုင်အား အမွေပြတ်ကြော်ငြာခဲ့သည်။ သို့သော် ကိစ္စမရှိပါ။ မစောခိုင်နှင့် ကျွန်တော့်အတွက် သူ့မိဘများ အမွေပြတ်ကြော်ငြာခြင်းသည် မည်သို့မျှ မထိခိုက်ခဲ့။ ကျွန်တော်သည် ကျွန်တော့်လခနှင့် မစောခိုင်ကို ကျောင်းဆက်နေစေခဲ့သည်။ ထိုသို့နှင့်ပင် ကျွန်တော်တို့တွင် သမီးလေး ခိုင်သဇင်ကို မွေးဖွားလာခဲ့သည်။ သမီး၏နို့ဖိုးနှင့် ဆေးဖိုးဝါးခမှာလည်း ပိုမိုကုန်ကျလာသည်။ သည်အခါ အစားအသောက်နှင့် ဝတ်ရေးစားရေးမှာ ချို့တဲ့လာသည်။ ကျွန်တော့်အတွက် ခံနိုင်ရည်ရှိသော်လည်း အထက်တန်းလွှာမှဆင်းသက်လာသော မစောခိုင်မှာ စိတ်ဆင်းရဲမှုဖြစ်လာသည်။ သူ့မိဘများနှင့် ဆက်သွယ်ကာ အကူအညီတောင်းခံသည်။ ဤသည်ကိုကျွန်တော်ဟန့်တားပါလျှင် လင်မယားစကားများကြရသည်။ 'အစ်ကိုဟာလေ သိပ်သဘောထားသေးလာတယ်။ မိခိုင်ကို နေရာတကာမှာ ချုပ်ချယ်ချင်တယ်။

အခြားနေရာမှာ ချုပ်ချယ်တာကိုမိခိုင် ခံနိုင်ပေမယ့် မိဘတွေနဲ့ ဆက်ဆံရာမှာ ချုပ်ချယ်တာတော့ မိခိုင်မခံနိုင်ဘူး' ကျွန်တော် သူ့မိဘများနှင့်ပတ်သက်၍ ပြောဆိုတိုင်း မစောခိုင်က ဤသို့တုံ့ပြန်မြဲ။ နောက်ဆုံးတော့ ကျွန်တော်သာ အရှုံးပေးလိုက်ရသည်။ ကျွန်တော် မစောခိုင်နှင့် သူ့မိဘများ၏ ဆက်ဆံရေးကို မည်သို့မျှ ဝင်မစွက်တော့။

ကျွန်တော်စိုးရိမ်သည်မှာ တစ်ခုသာရှိသည်။ ထိုအချက်က ကျွန်တော်တို့ အိမ်ထောင်ရေးကို ဖြိုခွဲလာမည့် အရေးပေတည်း။

ကျွန်တော်၏ စိုးရိမ်မှုမှာ မကြာပါ။ ခိုင်သဇင်လေး တစ်နှစ်သမီးအရွယ်တွင် မစောခိုင်သည် မည်သည့်အကြောင်းပြချက်မျှမရှိဘဲ သူ့မိဘအိမ်သို့ ဆင်းသွားသည်။ ထို့နောက် ဆေးကျောင်းကိုဆက်လက်တက်သည်ဟု ကြားရသည်။ ကျွန်တော့်မှာသာ အဆွေးကို ရင်ဝယ်ပိုက်၍ သမီးတစ်ယောက်နှင့် ကသီလင်တကျန်ရစ်ခဲ့သည်။

'သမီး . . . မောင်ဘမိုးကို ပြောစရာရှိတာ ပြောလိုက်လေ'

ဒေါ်မြညွန့်၏ လေသံကိုကြားရမှ အတိတ်ရေယဉ်ကြောတွင် မျောခဲ့သော ကျွန်တော်၏စိတ်မှာ လက်ရှိအခြေအနေကို သတိထားမိလာသည်။

'ပြောပါဒေါက်တာ။ ဒေါက်တာရဲ့ဆန္ဒကို ပွင့်ပွင့်လင်းလင်းသာ ပြောပါ'

ဦးကျော်မြင့်ကပါ ဝင်ရောက်တိုက်တွန်းလာသည်။ သည်တော့ မစောခိုင်က ကျွန်တော့်ကို တစ်ချက်မျှ မော်ကြည့်လိုက်သည်။

'ကျွန်မတို့လာတာကတော့ သမီးလေးကိစ္စပါပဲ'

မစောခိုင်က ခပ်တိုးတိုး စကားစလိုက်သည်။ သူမ၏အသံမှာ တိုးတိတ်ညင်သာနေသော်လည်း ကျွန်တော့်နားဝတွင်တော့ မိုးခြိမ်းသံတမျှ

ကျယ်လောင်မြည်ဟီးလွန်းလှသည်။ ကျွန်တော်သည် သမီးလေးကို ဖက်ထားလိုက်မိသည်။ ကျွန်တော့်ရင်ခွင်ထဲမှ သမီးငယ်သည် သူ့အမေအား ခပ်စိမ်းစိမ်းကြည့်နေသည်။

'ဦးဘမိုးမှာ သမီးအတွက် တာဝန်ပိုနေမှာပဲ။ ဒီတော့ သမီးလေးကို ကျွန်မကတစ်လှည့် တာဝန်ယူမယ့်အကြောင်း လာဆွေးနွေးတာပါ'

မစောခိုင်၏ စကားအသုံးအနှုန်းကြောင့် ကျွန်တော့်ရင်မှာ နာကျင်သွားသည်။ ဟိုတစ်ချိန်က တစ်ဦးနှင့်တစ်ဦး အစ်ကို၊ မိခိုင်ဟု နာမ်စားနှင့်သုံးခဲ့သော မစောခိုင်သည် ခုတော့ ကျွန်တော့်ကို 'ဦး'တပ်ခေါ်ကာ သူ့ကိုယ်သူလည်း 'ကျွန်မ' ဟု သုံးနှုန်းနေသည်။ တကယ်တော့ မစောခိုင်သည် အရာရာတွင် ပြောင်းလဲနေပြီတည်း။ ကျွန်တော်သည် မစောခိုင်အား ရီဝေစွာစိုက်ကြည့်လိုက်သည်။ ရင်ထဲမှ တစ်ဆို့လာသောအလုံးကြောင့် မည်သည့်စကားကိုမျှ ပြောမရခဲ့။

ကျွန်တော်သည် မစောခိုင်ထံမှ မျက်နှာလွှဲလိုက်ရသည်။ သို့သော် မစောခိုင်ကို ပြန်လည်တွေ့မြင်နေရပါပြီ။ ဧည့်ခန်းနှင့် အိပ်ခန်းခွဲခြားထားသော အလယ်စီးပျဉ်ထောင်ရှိ ဓာတ်ပုံထဲမှ မစောခိုင်သည် ကျွန်တော့်အား ပြုံးရွှင်စွာကြည့်နေသည်။ သူ့ဘေးမှ ကျွန်တော်၏ပုံမှာလည်း ပြုံး၍ ပျော်၍။ သည်တုန်းက မစောခိုင်နှင့်ကျွန်တော်သည် ချစ်စခင်စ ကြင်နာစမို့ ကျီစယ်သမျှ ကယုကယင ပျော်ရွှင်ခဲ့ရသည်။ ခုတော့ တစ်ဦးကိုတစ်ဦး သူစိမ်းပြင်ပြင် ဆက်ဆံနေသည်။

'သမီးလေးရဲ့ရှေ့ရေးဟာ ဦးဘမိုးရော ကျွန်မမှာပါ တာဝန်ရှိကြပါတယ်။ ကျွန်မဟာ သမီးကို တာဝန်ယူလိုက်ခြင်းအားဖြင့် သမီးနဲ့မအေအဖြစ် ပိုပြီးလည်း အဆင်ပြေနိုင်ပါတယ်။ သမီးရဲ့ပညာရေး၊ စားဝတ်နေ

ရေးက အစပေါ့လေ။ ဒီတော့ ဦးဘမိုးအနေနဲ့လည်း လေးလေးနက်နက် စဉ်းစားစေချင်ပါတယ်'

'ဟုတ်တယ်ကွဲ့ မောင်ဘမိုးရဲ့။ သမီးဟာ ဆရာဝန်တစ်ယောက် ဆိုတော့ ဝင်ငွေလည်းမှန်တယ်။ ပြီးတော့ ကလေးဟာ သမီးဆီမှာရှိနေ ခြင်းအားဖြင့် ဂုဏ်လည်းရှိတာပေါ့ကွယ်။ ဒီတော့ ကလေးကို အဒေါ်တို့နဲ့ ထည့်လိုက်တာ မမှားနိုင်ပါဘူး'

ဒေါ်မြညွန့်သည် မေတ္တာနှင့် သံယောဇဉ်အတိုင်းအတာကို ငွေ နှင့် ဂုဏ်ပေတံအား အသုံးပြုကာ တိုင်းတာပြောဆိုနေသည်။

'ဖေဖေကြီး . . . မီးမီး ဖေဖေကြီးနဲ့ နေမယ်နော်'

ကျွန်တော်သည် သမီးလေးနှင့် ပါးချင်းကပ်ထားလိုက်မိသည်။ သမီးမှာလည်း ကျွန်တော့်လည်ပင်းကို တင်းကျပ်စွာဖက်ထားသည်။

'ဦးဘမိုးဟာ သမီးကို ပြုစုစောင့်ရှောက်ခဲ့ရတာဖြစ်လို့ သံယော ဇဉ်ရော မေတ္တာအရပါ ပိုမိုကြီးမားမယ်ဆိုတာ ကျွန်မနားလည်ပါတယ်။ သမီးလေး ကျွန်မဆီမှာ ရှိနေပေမယ့် ဦးဘမိုး တွေ့လို့ရပါတယ်။ ဒီကတိကို တော့ ကျွန်မ လူကြီးစုံရာရှေ့မှာ ပေးပါတယ်'

ကျွန်တော်သည် မစောခိုင်ကို စိုက်ကြည့်လိုက်သည်။ ကျွန်တော့် အဆုံးအဖြတ်ကို မျှော်လင့်စောင့်စားနေသော မစောခိုင်သည် မျက်တောင် တဖျတ်ဖျတ်ခတ်ရင်း ကျွန်တော့်ကို မော်ကြည့်နေသည်။ ကျွန်တော်သည် ခေါင်းကို မသိမသာ ခါယမ်းလိုက်သည်။

'ကျွန်မဟာ သမီးလေးရဲ့ မိခင်ရင်းတစ်ယောက်ပါ ဦးဘမိုး။ ကျွန်မကို ဒီလိုတော့ နှိပ်စက်ပြီး အနိုင်မယူချင်ပါနဲ့'

မစောခိုင်၏စကားကြောင့် ကျွန်တော် ပြုံးလိုက်မိသည်။

သည်အပြုံးသည် သရော်ပြုံးနှင့် နာကြည်းမှုနှင့် ပြုံးသောအပြုံး ဆိုသည်ကို မစောခိုင် နားလည်နိုင်ပေလိမ့်မည်။

'ဒီမှာမိခိုင်၊ သမီးလေး ခိုင်သဇင်ဟာ မိခိုင်ရဲ့ သမီးရင်းတစ်ယောက်ဆိုတာ အစ်ကိုနားလည်ပါတယ်။ သားသမီးအပေါ် မှာ မိဘတွေထားရှိတဲ့ မေတ္တာနဲ့ သံယောဇဉ်ဟာ နှိုင်းယှဉ်မပြသာအောင် ကြီးမားတယ်ဆိုတာလည်း စာနာမိပါတယ်။ ဒါပေမဲ့ အဲဒီလိုမိဘအမျိုးအစားထဲမှာ မိခိုင်တစ်ယောက်တော့မပါဘူး။ ဒီစကားကို အစ်ကိုဟာ အထောက်အထားကင်းမဲ့စွာနဲ့ ပြောနေတာမဟုတ်ဘူး။ မိခိုင်ပဲ စဉ်းစားကြည့်ပါ။ မိခိုင်ဟာ အစ်ကို့ဆီက ထွက်သွားတဲ့နေ့ကစပြီး သမီးလေးကို သတင်းမေးဖူးရဲ့လား။ စားဝတ်နေရေးနဲ့ သမီးရဲ့ကျန်းမာရေးကိုကော ပြန်ကြည့်ဖူးရဲ့လား'

ကျွန်တော်သည် မစောခိုင်ကို ကြည့်လိုက်မိသည်။ သူမသည် ခေါင်းငုံ့လျက် . . .။

'ပြီးတော့ မိခိုင် အစ်ကို့ကို ပြောသေးတယ်။ နှိပ်စက်ပြီး အနိုင်မယူချင်ပါနဲ့တဲ့။ တကယ်တော့ အစ်ကို ဘယ်သူ့ကိုမှ မနှိပ်စက်ခဲ့ပါဘူး။ အနိုင်လည်း မယူခဲ့ဘူး။ အစ်ကိုသာ အနှိပ်စက်ခံ၊ အနိုင်ခံဘက်က တစ်ဖက်သတ် ရပ်တည်ခဲ့ရတယ်။ ဒါကို ခေတ်ပညာတတ်တစ်ယောက်ဖြစ်တဲ့ မိခိုင်ဟာ ကောင်းကောင်းကြီး သဘောပေါက်နိုင်ပါတယ်'

'ဟိုတုန်းကကိစ္စတွေ ပြောမနေပါနဲ့ မောင်ဘမိုးရယ်။ ခုကိစ္စကိုသာ တစ်ဦးနဲ့တစ်ဦး ပြေပြေလည်လည်ဖြစ်အောင် ပြောကြဆိုကြတာပေါ့'

ဒေါ်မြညွန့်က ကျွန်တော့်အား တောင်းပန်သောအကြည့်နှင့် ကြည့်ကာ ပြောလာသည်။ ကျွန်တော်က မဲ့ပြုံး ပြုံးလိုက်သည်။ မစောခိုင်တို့သားအမိ အသိသက်သေအဖြစ် ခေါ် လာခဲ့သော ရပ်ကွက်လူကြီးများမှာတော့ တုတ်တုတ်မျှမလှုပ်ဘဲ ငြိမ်သက်စွာ ထိုင်နေကြသည်။

'ကျွန်မ တောင်းပန်ပါတယ် ဦးဘမိုး။ ခုကိစ္စကတော့ သမီးလေးရဲ့ ရှေ့ရေးဖြစ်နေလို့'

'ဒီမှာ . . . မိခိုင်၊ မိခိုင်ဆိုလိုတာကို အစ်ကိုနားလည်ပါတယ်။ အစ်ကိုဟာ ခနဥစ္စာမကြွယ်ဝလို့၊ ဂုဏ်ဒြပ်မရှိလို့ ငွေစကား၊ ဂုဏ်စကား မပြောတတ်ပေမယ့် မေတ္တာစကားကို ပြောတတ်ပါတယ်။ တကယ်တော့ တစ်ချိန်က မိခိုင်ဟာ အစ်ကို အင်မတန်မြတ်နိုးတဲ့ ဇနီးတစ်ယောက်ဖြစ်ခဲ့ပေမယ့် သမီးလေးကို မွေးဖွားပြီးတဲ့နောက်မှာ အိမ်ပေါ်ကဆင်းသွားခဲ့တယ်။ မိခိုင်ရဲ့သဘောနဲ့ ပြတ်စဲကြောင်းကို သတင်းစာက ထည့်သွင်းကြော်ငြာခဲ့တယ်။ မိခိုင်ရဲ့စိတ်ချမ်းသာမှုအတွက် အစ်ကိုဘာမှ မကန့်ကွက်ခဲ့ဘူး။ တရားဝင် လင်ယောကျ်ားတစ်ယောက်အနေနဲ့ မိခိုင်ရဲ့အပြုအမူကို ရင်ထဲမှာ မချိမဆန့်ခံစားခဲ့ရတယ်။ တကယ်လို့သာ အစ်ကို့ရဲ့နှလုံးသားဟာ ကွဲစိတ်စေတတ်တဲ့အရာဆိုရင် ခုလောက်ရှိ စိစိညက်ညက် ကြေနေရောမယ် မိခိုင်။ အဲဒီအချိန်မှာ တွယ်တာရမယ့်သမီးလေး ရှိနေသေးလို့ ဒီသမီးသာ ရှိမနေရင် အစ်ကိုဟာ လမ်းပေါ်ကို ရောက်နေရောမယ်။ အဲဒီတော့ ဘယ်သူဟာ အနှိပ်စက်ခံ၊ အနိုင်ခံဆိုတာ မိခိုင်စဉ်းစားစမ်းပါ။ လေးလေးနက်နက် စဉ်းစားစမ်းပါ'

ပြောရင်းပြောရင်း ကျွန်တော့်အသံမှာ ကျယ်လောင်လာသည်။ နာကြည်းချက်၊ ခံပြင်းချက်တို့ကလည်း ရင်ထဲတွင် ပြည့်ကျပ်လာသည်။ ကျွန်တော်သည် စကားကိုမဆက်နိုင်သေးဘဲ ရင်ထဲမှ တစ်ဆို့လာသော အလုံးကို မျိုချလိုက်သည်။ ပြီးတော့မှ ထိုင်နေသူများကို ကြည့်လိုက်သည်။

ဦးကျော်မြင့်တို့လူကြီးတစ်စုမှာ မျက်နှာမကောင်းလှဘဲ လမ်းမဘက်သို့ ငေးကြည့်နေသည်။ ဒေါ်မြညွန့်မှာ နှုတ်ခမ်းကိုမဲ့ရွဲ့ထားသည်။

ရွံ့ရှာမုန်းတီးသော မဲ့ရွဲ့မှု။ ကျွန်တော်သည် နောက်ဆုံးတွင် မစောခိုင်ကို ကြည့်လိုက်သည်။ သူမသည် ကလေးသူငယ်တစ်ယောက်ကဲ့သို့ ခေါင်းကို ငုံ့ထားဆဲ။ သည်တော့ စိတ်လိုက်မာန်ပါပြောလိုက်သော ကျွန်တော့်စကားလုံးများအတွက် စိတ်မကောင်းဖြစ်ရပြန်သည်။

'ဒီသမီးလေးသာ အစ်ကို့ဆီမှာ ရှိမနေဘူးဆိုရင် အစ်ကို့ဘဝဟာလည်း ဘာမှအဓိပ္ပာယ်မရှိတော့ဘူး။ သမီးလေးဟာ အစ်ကို့ဘဝရဲ့အထိန်းအချုပ်၊ မိခိုင်ရဲ့ကိုယ်စား အတိုးချချစ်ရသူ၊ သမီးကို အစ်ကိုဘယ်နည်းနဲ့မှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး။ ဒီတော့ ဂုဏ်ဒြပ်တွေ၊ ရာထူးတွေနဲ့ အစ်ကို့ရဲ့ဘဝကို မဖျက်ဆီးချင်ပါနဲ့ မိခိုင်ရယ်။ မိခိုင်ရဲ့ကိုယ်စား အစ်ကို့ဆီမှာ ရှိနေတဲ့သမီးလေးကို အသက်နဲ့ထပ်တူ ချစ်နေရပါတယ်ကွယ်။ ဒီတော့ သမီးလေးကို မခေါ်ဖို့ တောင်းပန်ပါတယ် မိခိုင်ရယ်'

ကျွန်တော့်အသံများမှာ ပြောရင်း ပြောရင်း တုန်ယင်ကွဲအက်လာသည်။ မျက်လုံးအိမ်မှ မျက်ရည်များကလည်း ဝေ့လာသည်။

'သမီးလေး . . . သမီးလေး . . . သမီးလေးရယ်'

ကျွန်တော်သည် သမီးလေးအား လွတ်ထွက်သွားမည်ကဲ့သို့ တင်းတင်းကျပ်ကျပ် ဖက်ထားသည်။

မစောခိုင်သည် ထိုင်ရာမှထကာ ကျွန်တော့်ဆီသို့လာနေသည်။ ပြီးတော့ သမီးအားဖက်ထားသော လက်မောင်းကို သူမ၏သေးသွယ်သော လက်ချောင်းကလေးများနှင့် ဆုပ်ကိုင်လိုက်ကာ ရှိုက်၍ရှိုက်၍ ငိုလိုက်သည်။

'သမီးလေးကို ခေါ်မသွားပါနဲ့ မိခိုင်ရယ်'

'မိခိုင် သမီးကို မခေါ်တော့ပါဘူး အစ်ကို။ ပြီးတော့ မိခိုင် အစ်ကိုနဲ့သမီးကိုခွဲပြီး ဘယ်ကိုမှလည်း မသွားတော့ပါဘူး'

မစောခိုင်သည် ငိုရှိုက်ရင်းပြောနေသည်။ ကျွန်တော်သည် မစောခိုင်၏စကားကြောင့် တအံ့တသြဖြစ်သွားရသည်။

'သမီး . . . သမီး၊ ဘယ်လိုပြောလိုက်တာလဲ သမီးရယ်'

'သမီး အစ်ကိုနဲ့မခွဲတော့ဘူး မေမေ။ သမီး ဆုံးဖြတ်လိုက်ပါပြီ။ မေမေတို့ကသာ သမီးကို ခွင့်လွှတ်ကြပါတော့'

မစောခိုင်၏အသံရော မျက်နှာပါ တည်ငြိမ်လာသည်။ ကျွန်တော့်ရင်မှာတော့ မစောခိုင်နှင့် တွေ့စကလို တလှပ်လှပ်ခုန်လာသည်။ ဤရင်ခုန်ခြင်းသည် ကြည်နူးဝမ်းသာခြင်း၏ အထိမ်းအမှတ်။

ရပ်ကွက်ပြည်သူ့ကောင်စီလူကြီးများမှာ ကျွန်တော်နှင့် မစောခိုင်၏အဖြစ်ကိုကြည့်ကာ အလိုက်သိစွာနှင့်ပင် အိမ်ပေါ်မှဆင်းသွားသည်။

'မီစောခိုင်၊ ညည်းသိပ်မိုက်ပါကလားဟင်။ လူကြီးတွေမျက်နှာကို အိုးမဲသုတ်တဲ့ကောင်မ။ ညည်းကိုတော့လား ဒီတစ်သက်မဟုတ်ဘူး၊ နောက်ဆယ်သက် အဆက်ဖြတ်မယ်ဟေ့ သိလား'

ကျွန်တော့်ယောက္ခမ နှစ်ထပ်ကွမ်းကြီးမှာ အိမ်ပေါ်မှ ဆောင့်ဆောင့်အောင့်အောင့် ဆင်းသွားသည်။

'သမီး . . . မေမေ့ဆီကို သွားလိုက်နော်'

ကျွန်တော်သည် မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ကျွန်တော့်ကိုတစ်လှည့်၊ မစောခိုင်ကိုတစ်လှည့် ကြည့်နေသော သမီးငယ်ကို သူ့အမေရင်ခွင်ထဲသို့ ထည့်ပေးလိုက်သည်။

'သမီးလေး . . . သမီးလေး . . . သမီးလေး ခိုင်သဇင်ရယ်'

မအောကြီးသည် သမီးလေးပါးပြင်ကို ဘယ်ပြန်ညာပြန် မွှေးနေသည်။

မိနိုင် . . . မိနိုင်၊ အစ်ကို့ မိနိုင်ရယ် . . .'

ကျွန်တော်က သမီးအား မွေးမွေးပေးနေသော မအေကြီးကို သာသာကလေး ဖက်ထားလိုက်သည်။

မြဝတီမဂ္ဂဇင်း
ဖေဖော်ဝါရီ ၊ ၁၉၇၆



# အပူနှင့် အအေး


2014

နှစ်တိုင်းဆိုလျှင် နယုန်လ,ဆန်းသည်မှစ၍ မိုးကိုမျှော်ရန်မလို တော့။ မိုးခြိမ်းသံတို့နှင့်အတူ မိုးရေစက်တို့သည် သယောင်းထနေသော မြေပြင်ကို ပက်ဖျန်းနေပေပြီ။

ယခုနှစ်မှာတော့ နှစ်တိုင်းလိုမဟုတ်။ နယုန်လပြည့်နား နီးနေပြီ ဖြစ်သော်လည်း ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းလှသော မိုးခြိမ်းသံတို့ကိုသာ ကြားနေရသည်။ မိုးရေစက်ဟူ၍ ဖွဲဖွဲကလေးပင် မမြင်ရသေး။

သို့သော် မိုးသား မိုးရိပ်တို့သည်ကား မြောက်ဘက်ဆီတွင် အုံ့ဆိုင်းနေသည်။ သပြေငူရွာမှ လယ်သမားများကတော့ မိုးကောင်းကင်သို့ မကြာခဏပင် မော့၍မော့၍ကြည့်ရသည်မှာ အမော။

'မြောက်ဘက်က ဟန်ရေးပြတဲ့ မိုးသားမိုးတိမ်တွေကတော့ အားရှိစရာမဟုတ်ဘူးဟေ့။ စာမှာတောင် 'ရွာမယောင် ဟန်ဆောင်နှင့်သူမြူး၊ ရွှေမိုးညို့ မြောက်မြေထူးဆီက-ကွယ်၊ ခြိမ်းသင့်ပါဘူး' လို့ ဆိုထားသေးတယ်'

အသက် ၆၀ နား နီးနေပြီဖြစ်သော လယ်သမားကြီးဦးဘိုးမှင်က လမ်းလျှောက်ရင်းမှ ကောင်းကင်ကို မော်ကြည့်ကာ ပြောလိုက်သည်။

'ဒါဖြင့်ဘာလုပ်ရမလဲ ဘကြီးမှင်ရဲ့။ ဒီမိုးလုပ်ပုံနဲ့တော့ ခက်တော့မှာပဲ။ ခုဆိုရင် နေပူပြင်းနေတော့ ကွင်းတွေမှာ နွားစားစရာမြက်တောင်မရှိသလောက်ဖြစ်နေပြီ'

ညနေစာ ထမင်းစားပြီး၍ အိမ်ရှေ့ကွပ်ပျစ်တွင် လက်ဖက်ရည်ကြမ်းအိုးတစ်လုံးနှင့် ထိုင်နေသော ကိုစောမောင်က မေးမေးပြောပြောဖြင့် ညည်းညူလိုက်သည်။

'ဘာလုပ်စရာများလိုသေးလို့လဲ စောမောင်ရဲ့။ ငါတို့ လွန်လည်းဆွဲပြီးပြီ။ ဒါပေမဲ့ မိုးကမရွာဘူး။ ဒီတော့မိုးရွာရင် လယ်ထွန်နိုင်အောင် ထွန်တုံးထွန်တံတွေ အသင့်ပြင်၊ လယ်မှာ မြေသြဇာချ၊ ပြီးတော့ လယ်တဲဆောက်တန်ဆောက်၊ ပြင်တန်ပြင်ပေါ့ကွယ်'

ဦးဘိုးမှင်က ကိုစောမောင် လက်ဖက်ရည်ကြမ်းသောက်နေသော ကွပ်ပျစ်ဆီသို့ ဝင်လာပြီးပြောလိုက်သည်။ ကိုစောမောင်က လက်ဖက်ရည်ကြမ်းတစ်ခွက် ငှဲ့လိုက်ပြီး ဦးဘိုးမှင်ဆီသို့ ကမ်းလိုက်သည်။

'အားလုံးတော့ ပြင်ဆင်ပြီးသားပဲ ဘကြီးမှင်ရေ။ ခုခက်နေတာက နွားစာအတွက်ပဲ။ အဲဒါ ဘယ်လိုလုပ်ရဦးမယ်မသိသေးဘူး'

ကိုစောမောင်က ညည်းညည်းညူညူ ပြောလိုက်သည်။

ဟုတ်သည်။ ယခုနှစ် မိုးခေါင်လွန်းလှသည်။ သင်္ကြန်လက်ဆေးမိုး ရွာပြီးသည့်နောက် မိုးဟူ၍ တစ်ပေါက်မျှမမြင်ရသေး။ တကယ်တော့ ဤရခိုင်ရိုးမ၏အနောက်ဘက် ပင်လယ်ကမ်းခြေဒေသသည် ကဆုန်ညောင်ရေသွန်းပြီးလျှင် မိုးစ၍ရွာတတ်သည်။ ရာသီဥတုကို အစိုးမရနိုင်သော်လည်း ဤဒေသမိုးကတော့ မှန်လှသည်။ ယခုနှစ်မှာတော့ နှစ်တိုင်းနှင့်မတူဘဲ ရာသီဥတုဖောက်ပြန်လာသည်။

သပြေငူနှင့် ပတ်ဝန်းကျင်ရွာများသည် မိုးရွာနိုင်ရန်အတွက် စုပေါင်းကာ လွန်ဆွဲခဲ့သည်မှာလည်း နှစ်ကြိမ်၊ သုံးကြိမ်ခန့်မျှရှိခဲ့ပြီ။ သို့သော် မိုးမှာမရွာနိုင်သေး။ အပူသာ လွန်ကဲလာသည်။ လယ်ကွင်းတို့မှာလည်း မြေပပ်ကွဲများ အက်ကြောင်းထလျက် မြက်တို့လည်း အပူရှိန်ကြောင့် ခြောက်နေပေပြီ။ သည်တော့ နွားစာအတွက် ခက်လာသည်။

နွားဆိုသောသတ္တဝါက ဤလိုရာသီမျိုးတွင် စိမ်းလန်းသော မြက်များကိုသာ ပိုမိုနှစ်သက်ကြသည်။ စိမ်းလန်းသောမြက်သည်သာ နွားကို အဆီအသားပိုစေပြီး ဝဖီးလာစေသည်။ ယခု သပြေငူဝန်းကျင် လယ်ကွင်းတို့ရှိ မြက်များမှာ စိမ်းလန်းမည်မဆိုထားဘိ။ နွားစားနိုင်လောက်သော အခြေအနေမှာပင်မရှိတော့။ ထို့ကြောင့်လည်း ကိုစောမောင်က သူ၏နွားနှစ်ကောင် အစာအတွက် ညည်းလိုက်ခြင်းဖြစ်သည်။

'နွားစာခက်နေတာကလည်း နင့်တစ်ယောက်တည်းမှ မဟုတ်တာပဲ စောမောင်ရာ။ ကျွဲနွားမွေးတဲ့လူတိုင်း ခက်နေတာပဲဟာ။ ဒီတော့လည်း ကောက်ရိုးနဲ့ ဖက်ပြီးကျွေးရမှာပေါ့'

ဦးဘိုးမှင်က ရေနွေးကြမ်းကို တရှူးရှူးမှုတ်သောက်ရင်း ပြောလိုက်သည်။

'ကျွန်တော့်မှာက ကောက်ရိုးသိပ်နည်းနေတယ် ဘကြီးမှင်ရဲ့။ တလင်းချိန်ကတည်းက ဟိုလူ့ပေး၊ ဒီလူ့ပေးနဲ့ ကျွန်တော့်မှာ နည်းသွားတယ်။ ဒါပေမဲ့လည်း နှစ်တိုင်းလိုထင်လို့ သိပ်မပူမိဘူး။ ခုလိုသာ မိုးခေါင်ပြီး နွားစာရှားမယ်ဆိုတာသိရင်တော့ ဒီလိုဘယ်ဖြစ်ရမလဲ'

'အဲဒါတွေ တွေးပြီးပူမနေပါနဲ့ စောမောင်ရာ။ နင့်မှာရှိတဲ့ ကောက်ရိုးကိုသာ ကျွေးထား၊ ကုန်တော့ ငါ့ဆီကလည်း ရမှာပေါ့။ မိုးလည်း အများ

ဆုံးကြာလှ ရှေ့ သတင်းတစ်ပတ်ပေါ့ကွယ်။ ကဲ . . . ငါလည်း ပြန်မယ်ဟေ့ . . .'

ဦးဘိုးမှင်က လမ်းမဆီသို့ထွက်လာခဲ့သည်။ ကိုစောမောင်ကတော့ ဦးဘိုးမှင်ကို မျက်စိတစ်ဆုံးကြည့်လိုက်ပြီးမှ ကောင်းကင်ကို မော့ကြည့်လိုက်သည်။

မြောက်ဘက်တခိုမှ မိုးသားတို့မှာ တအိအိနှင့်ရွေ့လျားနေသည်။ ဤမိုးသားတို့သည် မကြာမီမိုးရေစက်များ ဖြစ်လာပါက ကောင်းလေစွ။

* * * *

ယနေ့ ကိုစောမောင်ပျော်နေသည်။ သူ နံနက်အိပ်ရာမှထစကပင် ရာသီဥတုပြောင်းလာသည်ကို သတိထားမိသည်။ အခါတိုင်း အိပ်ရာမှထပါက နံနက်စောစောပင် ဖြစ်သော်လည်း ချမ်းချမ်းအေးအေး မခံစားရ။ ယနေ့အိပ်ရာထမှာတော့ ခါတိုင်းလိုမဟုတ်ဘဲ အေးစိမ့်စိမ့်ကလေး ခံစားနေရသည်။

ဤအအေးသည်ကား ပင်လယ်ဆီမှ တိုက်ခတ်လာသော အနောက်တောင်လေကြောင့်ဆိုသည်ကို ကိုစောမောင် အလိုလိုသိလိုက်သည်။ အနောက်တောင်လေ တိုက်ခတ်လာလျှင် မိုးရွာပေတော့မည်။ မိုးရွာလျှင် လယ်ထွန်ရပေတော့မည်။ မိုး . . . မိုး လယ်သမားများ မျှော်လင့်တောင့်တနေသော မိုးသည်ကား ရွာရပေတော့မည်။

'သောင်းမြရေ . . . ဟေ . . . သောင်းမြ . . . ခုထိအိပ်တုန်းလားဟ . . .'

ကိုစောမောင်က စိတ်ကူး၏အဆုံးတွင် သူ၏ဇနီးကို ခေါ်လိုက်သည်။

'ဘယ်တုန်းကများ ခုလောက်ထိအိပ်ဖူးလို့လဲ။ ကိုကော စောစော စီးစီး ဒီနေ့ဘာဖြစ်နေလဲ'

မသောင်းမြက ထဘီရင်ရှားပေါ်မှ ရှန်သားအင်္ကျီပါးကလေးကို ထပ်ဝတ်ကာ ကိုစောမောင်ရပ်နေသော အိမ်ရှေ့သို့ထွက်ခဲ့သည်။

'ဘာမှမဖြစ်ပါဘူးဟာ။ မိုးရွာတော့မယ်ဆိုတဲ့ အကြောင်းပြော မလို့ပါ။ ဟိုမှာကြည့်စမ်း။ အနောက်ဘက်ဆီက မိုးသားတွေ ရိုးမတောင် ဘက်ကို တရွေ့ရွေ့နဲ့ သွားနေလိုက်တာ . . .'

ကိုစောမောင် လက်ညှိုးညွှန်ပြရာသို့ မသောင်းမြက ကြည့်လိုက် သည်။ ဟုတ်သည်။ အနောက်ဘက်မှ မိုးသားတစ်အုပ်မှာ အရှေ့ဘက်ဆီ သို့ ရွေ့လျားနေသည်။

'အဲဒါနဲ့ . . . မိုးရွာမှာနဲ့ ဘာဆိုင်လို့လဲ'

မသောင်းမြက ကိုစောမောင်ကို မျက်စောင်းချိတ်လိုက်ပြီးမှ ခပ် ဆတ်ဆတ်ကလေး ပြောလိုက်သည်။

'ဆိုင်တာပေါ့ သောင်းမြရဲ့၊ သားစာဖတ်တဲ့အခါ နင်မကြားဘူး လား။ အနောက်တောင်လေနဲ့ ပါသွားတဲ့ ရေခိုးရေငွေ့တွေဟာ အအေး ဓာတ်နဲ့တွေ့ထိတဲ့အခါ မိုးရွာတယ်ဆိုတာလေ။ ရိုးမတောင်ကြီးဟာ အအေး ဓာတ်ပေါ့'

ကိုစောမောင်က ၅ တန်းသို့ရောက်နေပြီဖြစ်သော သူတို့၏သား မောင်စောသောင်း ဖတ်သောစာနှင့် သူကြားဖူးနားဝရှိသော စကားတို့ကို ကိုးကား၍ ပြောလိုက်သည်။ မသောင်းမြကတော့ ကိုစောမောင်ကို မည်သို့ မျှ ပြန်မပြောတော့ဘဲ ရွေ့လျားနေသော မိုးသားတိမ်တိုက်တို့ကို ငေးကြည့် နေသည်။

'မိုးရွာတော့ လယ်စထွန်ပြီး ပျိုးမြန်မြန်ကြဲနိုင်အောင် လုပ်ရမယ် ဟော့။ အဲဒီတော့ မျိုးအတွက်ထားတဲ့ စပါးကို အဖျင်းမပါအောင် သန့်ပါဦးဟယ်'

မသောင်းမြက ကောင်းကင်ကိုမော့ကြည့်နေရာမှ ကိုစောမောင်ကို လှည့်ကြည့်လိုက်သည်။

'အမယ်လေး လွန်လွန်းနေလိုက်တာ။ ဒီနှစ်မှ အဆန်းလုပ်လို့။ ပျိုးကြဲဖို့ မျိုးစပါးက တလင်းပြီးကတည်းကပဲ သီးသန့်ရွေးပြီး စဥ့်အိုးထဲ ထည့်ထားတာ မမြင်ဘူးလား'

ကိုစောမောင်က မသောင်းမြကို ဘာမျှပြန်မပြောတော့။ တကယ်တော့ မျိုးစပါးများကို သူတို့ဒေသတွင် စပါးသိမ်းပြီးချိန်မှစ၍ သီးသန့်ရွေးချယ်ထားရသည်။ ရွေးပြီးစပါးတို့ကိုလည်း တိရစ္ဆာန်များမဖျက်ဆီးနိုင်အောင် စဥ့်အိုးထဲသို့ထည့်၍ အိုးအဝကို အဝတ်နှင့်ပိတ်ကာ လုံခြုံအောင် စည်းရသည်။ အချို့လည်း ဝါးနီးနှင့်ရက်သော စပါးတစ်တင်းဆံ့ ခြင်းကြားတွင် ဖက်ခံ၍ စည်းနှောင်ထားကြသည်။ ၎င်းကို မျိုးစပါးကိုင်ဟူ၍လည်း ခေါ်ကြသည်။

ယခု ကိုစောမောင်မှာတော့ စပါးကို ကိုင်နှင့်မထားဘဲ စဥ့်အိုးထဲတွင်ထည့်ပြီး အဝမှ အဝတ်ပိတ်စည်းကာ သစ်ပြားကြီးတစ်ချပ်နှင့်လည်း ဖုံးအုပ်ထားသေးသည်။ ဒါမှလည်း အိမ်တွင် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသော ကြွက်တို့၏ ဖျက်ဆီးခြင်းမှ ကင်းနိုင်ပေမည်။ ဤသည်ကိုလည်း ကိုစောမောင်သိသည်။ ထို့ကြောင့် သူသည် မသောင်းမြအား မည်သို့မျှ ပြန်လည်ပြောဆိုခြင်းမပြုနိုင်ဘဲ လမ်းမဘက်ဆီသို့ ခြေဦးလှည့်လိုက်သည်။

'ဒါက စောစောစီးစီး ဘယ်သွားဦးမလို့လဲ'

'ဘယ်မှ မဟုတ်ပါဘူးဟာ။ အနောက်ပိုင်းဘက်က ဖိုးညဲတို့ ညွန့်တင်တို့ဆီကိုသွားပြီး ကောက်ရိုးကလေးမျှမလို့ပါ။ ဘကြီးမှင်ဆီက ကောက်ရိုးကိုချည်း အားကိုးနေလို့မရဘူး'

ကိုစောမောင်က ပြောပြောဆိုဆို အနောက်ပိုင်းဘက်သို့ လျှောက်လာခဲ့သည်။ မသောင်းမြကတော့ ကိုစောမောင်၏ နောက်ကျောကိုကြည့်လိုက်ပြီး သက်မကြီးကိုချလိုက်သည်။

တကယ်တော့ မိမိ၏ယောက်ျားကိုစောမောင်မှာ အရာရာတွင် ကြောင့်ကြပိုတတ်သူဖြစ်သည်။ ယခုလည်း ရာသီဥတုမမှန်မှုကြောင့် လယ်အချိန်မီ မလုပ်နိုင်ခြင်း၊ စပါးထွက် လျော့နည်းမည်ကို စိုးရိမ်ခြင်း စသည်တို့က သူ့စိတ်ကို စောနေစေသည်။

ကိုစောမောင် ဤသို့ စိတ်စောနေသည်မှာလည်း အကြောင်းရှိသည်။ အကယ်၍ လယ်ယာသိမ်းဆည်းပြီး စပါးများ နှစ်တိုင်းလို မှန်မှန်ကန်ကန်ထွက်ပါက စပါးရောင်းရငွေနှင့် တစ်ဦးတည်းသောသား မောင်စောသောင်းကို သင်္ကန်းဆီးရပေမည်။ စပါးရောင်းရငွေ တစ်ခုတည်းနှင့် မလုံလောက်သည့်တိုင်အောင် ငွေကြေးအသင့်အတင့် ချေးငှား၍ ဖြည့်တင်းရပေမည်။ ဤသည်ကိုလည်း လင်မယားနှစ်ဦးတိုင်ပင်ထားသည်။ မြေဩဇာကောင်းလှသော သူတို့၏လယ်အတွက် ရာသီဥတုကသာ မဖောက်ပြန်ပါက စပါးထွက်လျော့နည်းမည်ကို စိုးရိမ်စရာမရှိပေ။

မသောင်းမြက ကိုစောမောင် သူမ၏ မြင်ကွင်းမှ ပျောက်ကွယ်သွားသောအခါ အိမ်ပေါ်သို့ တက်ခဲ့သည်။ ပြီးတော့ အိပ်ခန်းဝတွင် ရပ်ပြီး အိပ်ပျော်နေသော သားငယ်ကိုကြည့်လိုက်သည်။ အရပ်အမောင်း ထွက်

လာပြီဖြစ်သော ဤသားငယ်သည်ကား မဝေးတော့သောအချိန်ကာလတွင် ဗုဒ္ဓရှင်တော်မြတ်၏ ဝတ်ရုံတော်အား ဆင်မြန်းထားခြင်းကို ကြည်နူး ဖွယ်ရာ မြင်ရပေဦးတော့မည်။

* * * *

တစ်ရက်လုံး အုံ့ဆိုင်းနေခဲ့သော မိုးသားတိမ်တိုက်တို့မှာ မှောင်စ ပျိုးချိန်တွင် ရွာချတော့သည်။ မိုးဦးမိုးဖြစ်သောကြောင့် မိုးခြိမ်းသံတို့မှာ လည်း မကြာခဏ ပေါ်ထွက်နေသည်။ လျှပ်စီးလက်ခြင်းနှင့်အတူ နားကွဲ လုမတတ် မြည်ဟီးလိုက်သော မိုးခြိမ်းသံတို့မှာ အခြားသူများအတွက် မည် သို့နေမည်မသိနိုင်သော်လည်း ကိုစောမောင်အတွက်တော့ တူရိယာသံ တမျှ သာယာနေသည်။

တကယ်တော့ လျှပ်စစ်လက်လိုက်ခြင်းမှာ ကချေသည် မိုးနတ် မယ်၏ အဝတ်တန်ဆာလဲလှယ်ခြင်းဖြစ်ပြီး မိုးခြိမ်းသံက ကချေသည် မိုး နတ်မယ်အား စည်းဝါးကျကျ တီးပေးနေသော တူရိယာအသံပင် မဟုတ်ပါ လား။

ကိုစောမောင်က သန်းခေါင်ကျော်သည်မှစ၍ ထွန်တုံး၊ ထွန်တံ များကို ပြင်ဆင်နေသည်။ နွေလယ်ကပင် ချွန်ထားခဲ့သော ထွန်သွားတို့ကို မီးဖိုအထက် ကျတ်စင်ပေါ်မှယူကာ ထွန်တုံးတွင် တပ်ဆင်လိုက်သည်။ အရင်လိုနေခါမှ ထွန်သွားတစ်ခုက အရင်းကြီးနေပြီး ထွန်တုံးပေါက်တွင် တပ်မရဖြစ်နေပြန်သည်။ ဒီတော့လည်း ရေနံဆီမီးခွက်၏အကူအညီဖြင့် ဓားကိုရှာဖွေပြီး ထွန်သွားအရင်းကို ခုတ်ရပြန်သည်။

'ကိုစောမောင်၊ အချိန်မတော်ကြီး ဒုတ်ဒုတ် ဒက်ဒက်နဲ့ ဘာတွေ လုပ်နေလဲ'

ညသန်းခေါင် လူခြေတိတ်ချိန်မှ ကိုစောမောင်၏ ဓားခုတ်သံသည် မိုးသံကိုဖောက်ထွင်း၍ ပေါ်ထွက်လာသည်။ ထို့ကြောင့် သူ့ဇနီး မသောင်းမြက အိပ်ရာထဲမှ မေးလိုက်သည်။

'ထွန်သွား အရင်းက ထွန်တုံးပေါက်နဲ့ မဆံ့လို့ ပြန်ပြီးပြင်နေရတယ်ဟ'

ကိုစောမောင်က ထွန်သွားကို ပြုပြင်ခုတ်ထစ်နေရင်းမှ ပြန်ပြောလိုက်သည်။

'ကိုယ့်မှာလည်း လွန်ကိုလွန်လွန်းတယ်။ အချိန်တွေ အများကြီး ရှိပါသေးတယ်'

မသောင်းမြက ပြောပြောဆိုဆို အိပ်ရာထဲမှ ကိုစောမောင် ထွန်တုံးချွန်နေရာသို့ ထလာခဲ့သည်။

'ငါ့ ခုမနက်မှာ လယ်စထွန်မှာမို့ ထွန်သွားကိုလည်း ခုကတည်းက ပြင်ထားရတာပေါ့ဟ'

ကိုစောမောင်က မသောင်းမြကို ပြန်မကြည့်ဘဲ ထွန်သွားအရင်းကို ထွန်တုံးအပေါက်ထဲသို့ သွင်းလိုက်သည်။

'ဘယ်လို . . . ခုမနက် လယ်စထွန်မယ် ဟုတ်လား။ ညဦးမိုးရွာ၊ မနက်လယ်စထွန်လို့ ဖြစ်မတဲ့လား ကိုစောမောင်ရယ်'

မသောင်းမြက အံ့ဩတကြီး ပြောနေသော်လည်း ကိုစောမောင်ကတော့ ထွန်တုံးတွင်တပ်ဆင်ထားသော ထွန်သွားများ တစ်ခုနှင့်တစ်ခု ညီ၊မညီ ဆိုသည်ကိုမှန်းဆနေသည်။

'ဒီမှာ မေးနေတာများ ပြန်ပြောစမ်းပါဦး'

သူမ၏စကားကို စိတ်မဝင်စားဘဲ ထွန်တုံးနှင့် ထွန်သွားကိုသာ စိတ်ဝင်စားနေသော ကိုစောမောင်၏လက်မောင်းကို မသောင်းမြက ကိုင်လှုပ်လိုက်သည်။

'ခုမနက် ထွန်လို့ဖြစ်ပါတယ် သောင်းမြရဲ့။ ငါတို့လယ်တွေက နုန်းတင်မြေနုလယ်တွေဖြစ်တော့ ခုလောက်ရွာတဲ့မိုးနဲ့ ထွန်နိုင်ပါတယ်'

ကိုစောမောင်က ခုမှ မသောင်းမြ၏အမေးကို ပြန်ဖြေလိုက်သည်။

'ဒါထက် ခု လယ်စထွန်မှာက နေ့ကောင်းရက်သားနဲ့ မြေခံ၊ ရေခံကိုကော ရွေးပြီးလို့လား'

မိန်းမသားတစ်ဦးပင်ဖြစ်သော်လည်း လယ်ယာလုပ်ခြင်းဖြင့် ကြီးပြင်းလာခဲ့သော မသောင်းမြက လယ်ယာကိစ္စတို့တွင် လိုက်နာဆောင်ရွက်ဖွယ်တို့ကို ကြားဖူးနားဝရှိနေသည်။

'ကုန်ခဲ့တဲ့ ညနေပိုင်းကပဲ ရာသီဥတုအခြေအနေကြည့်ပြီး နေ့ကောင်းရက်သာနဲ့ မြေခံ၊ ရေခံရွေးပေးဖို့ ဆရာတော်ကို လျှောက်ထားတယ်။ ဆရာတော်အခါပေးချက်အရ ဒီနေ့ဟာ ရက်ကောင်းပဲ။ စထွန်တဲ့အခါမှာတော့ ထွန်တပ်ထားတဲ့ နွားနှစ်ကောင်ရဲ့ခေါင်းကို အရှေ့ဘက်လှည့်ထားပြီး ထွန်ရမယ်တဲ့။ ဆရာတော်က အဲဒီလို အမိန့်ရှိလိုက်တယ်'

ကိုစောမောင်က မသောင်းမြအား စိတ်ရှည်လက်ရှည် ရှင်းပြလိုက်သည်။

'အေးလေ ဒီလိုဆိုလည်း ကောင်းတာပေါ့။ ဒါထက် ပြန်မအိပ်တော့ဘူးလား'

'မအိပ်တော့ပါဘူးဟာ။ ရေနွေးကြမ်း သောက်ရင်းနဲ့ပဲ မိုးလင်းတာကို စောင့်တော့မယ်။ အိပ်လို့လည်းရတော့မှာ မဟုတ်ပါဘူး။ နင်သာ

အိပ်ချင်ပြန်အိပ်လိုက်။ ငါလယ်ထွန်သွားရင်သာ နွားနှစ်ကောင်ကို လယ်ထဲ လိုက်ပို့ပေးပါ။ ငါ့မှာက ထွန်ကိုလည်း ယူရဦးမယ်ဆိုတော့ နိုင်မှာမဟုတ်ဘူး'

မသောင်းမြ အိပ်ခန်းထဲသို့ရောက်သွားသောအချိန်တွင် အခန်း ပြင်ရှိ ကိုစောမောင်မှာ မီးတစ်ခွက်နှင့် အလုပ်များ၍ ကျန်ရစ်ခဲ့သည်။

* * * *

မနေ့က လယ်စထွန်သောအခါ ကိုစောမောင်အတွက် အခက် အခဲနှင့် ရင်ဆိုင်ရသည်။ သူ၏လယ်မြေမှာ သူထင်သကဲ့သို့ မြေပျော့ဖြစ် မနေဘဲ အပေါ်ယံမြေလွှာလောက်ကိုသာ ထွန်သွားစူးဝင်နိုင်သည်။

မနေ့က ရွာသောမိုးမှာ လယ်မြေ၏အနက်ပိုင်းသို့ စိမ့်ဝင်ခြင်း မရှိသေးပေ။ မြေထဲတွင် ခိုအောင်းနေသော အပူရှိန်ပင် မစင်နိုင်သေး။ ထို့ကြောင့် မိုးဖွဲဖွဲရွာနေချိန်တွင် ထွန်ရေးထွန်ကြောင်းများမှ ထွက်နေသော အပူငွေ့များသည် သူ၏မျက်နှာသို့ လာရောက်ရိုက်ခတ်လာသည်။ မျက် လုံးနှစ်ဖက်မှာလည်း ကျိန်းစပ်လာကာ မျက်ရည်များပင်ကျလာသည်။ နွား နှစ်ကောင်မှာလည်း မကြာခဏ ခေါင်းခါခါ လည်ခါခါ ဖြစ်နေသည်။

ထွန်ဖြင့်ခွဲပြီး ထွန်ရေးထွန်ကြောင်းတို့ကို နင်းနေရသော ခြေဖဝါး နှစ်ခုမှာ မြေငွေ့အပူရှိန်ကြောင့် ကျိန်းစပ်စပ်ဖြစ်နေသည်။ ထို့ကြောင့် ကိုစောမောင်အတွက် မနေ့ကလယ်ထွန်ရသည်မှာ မတွင်ကျယ်လှ။

သည်နေ့နံနက်မှာတော့ ဘုန်းတော်ကြီးကျောင်းမှ အုန်းမောင်း ခေါက်သံငါးချက် ကြားသည်မှစ၍ လယ်ထွန်သွားရန်ထခဲ့သည်။ နွားနှစ် ကောင်မှာ အိမ်နှင့်တွဲကာ ဆောက်လုပ်ထားသော နွားတင်းကုပ်ထဲတွင် တရှူးရှူးနှင့် အိပ်နေကြသည်။

'ဟော့ကောင် စာဥ ထတော့ဟေ့'

ကိုစောမောင်က အတိုင်နွားစာဥ၏ တင်ပါးကို ကြိမ်တို့ကာ ပြော လိုက်သည်။

အခါတိုင်း ကြိမ်တို့မခံခဲ့သော စာဥမှာ ခုတော့ နားရွက်တဖျပ် ဖျပ်ခပ်ရင်း ကိုစောမောင်ကို မော့ကြည့်နေသည်။

'ကဲ . . . ဖေ့သားကြီး ထတော့လေကွယ်။ လယ်ထွန်သွားရမယ် ဆိုတာ မသိဘူးလား'

ကိုစောမောင်သည် လုပ်ဖော်ကိုင်ဖက်ဖြစ်သော စာဥကြီးကို ကြင်နာစွာ ပြောလိုက်သည်။

သို့သော် စာဥက ထဖော်မရသေး။ သည်တော့လည်း ကိုစော မောင်က စိတ်တိုချင်သလိုလို ဖြစ်လာသည်။

'ဒီကောင်ကြီး ပြောနေတာ မရဘူးလား'

ကိုစောမောင်က ပြောပြောဆိုဆို စာဥ၏တင်ပါးကိုကြိမ်ဖြင့် ဆောင့်ထိုးလိုက်သည်။ သည်တော့မှ စာဥမှာ မထချင်ထချင်နှင့် ထလိုက် သည်။ ခေါင်းဆောင်နွားထသောအခါ နောက်လိုက်နွားကြာကြီးမှာလည်း ထလိုက်သည်။

ကိုစောမောင်က ချည်တိုင်တွင် ချည်ထားသောကြိုးကို ဖြေလိုက် ပြီး နွားနှစ်ကောင်ကို လမ်းမဘက်ဆီသို့ မောင်းလိုက်သည်။ ကြာကြီးမှာ သွက်လက်စွာ လှမ်းလိုက်သော်လည်း စာဥမှာတော့ လက်ဝဲဘက်ခြေ ထောက်ကို အသာအယာကြွလိုက်သည်။

'ဟဲ့ . . . စာဥသွားလေ'

စာဥက သူ၏လက်ဝဲဘက် နောက်ခြေထောက်ကို မြေပေါ်သို့ အသာအယာ ချလိုက်ပြီး ရှေ့သို့လှမ်းလိုက်သည်။ ခန္ဓာကိုယ်နောက်ပိုင်း

မှာ နိမ့်ကျသွားသည်။ သည်တော့မှ ကိုစောမောင်က စာဥကိုသတိထားလိုက်သည်။ ထို့နောက် ခြေလှမ်း သုံးလေးလှမ်းလောက် လှမ်းမိသောအခါ ကိုစောမောင်၏ရင်ဝသို့ အလုံးတစ်ခုက ဝင်ဆောင့်လာသည်။

'သောင်းမြ . . . သောင်းမြ . . . မီးခွက်ထွန်းပြီးလာစမ်းပါဦးဟာ'

မသောင်းမြက အိပ်ရာမှ ကသောကမျော ထလိုက်ပြီး ရေနံဆီမီးခွက်ကိုထွန်းကာ ကိုစောမောင်ရှိရာသို့ လာခဲ့သည်။

'လန့်လန့်ဖျပ်ဖျပ်နဲ့ ဘာများလဲ ကိုစောမောင်ရဲ့'

'စာဥတော့ ခွာနာနေတယ်ထင်တယ် သောင်းမြရယ်'

ကိုစောမောင်စကားကြောင့် မသောင်းမြက မီးခွက်ကိုမြှောက်ကာ စာဥကြီးအား ကြောင့်ကြစွာကြည့်လိုက်သည်။ စာဥက သူ၏ဝဲဘက်ခြေထောက်ကို မြေနှင့်ထိရုံမျှထောက်ထားသည်။

'အင်း . . . ခွာနာနေတာတော့ အမှန်ပဲ။ လုပ်ခွင်ဝင်ခါမှဖြစ်ရပလေ စာဥရယ်'

မသောင်းမြက ဆွဲဆွဲငင်ငင် ညည်းညူလိုက်သည်။ ကိုစောမောင်ကတော့ စာဥ၏နောက်ခြေထောက်ကို ကြည့်ရင်းငိုင်နေသည်။

'ဒီလိုနေလို့တော့မဖြစ်သေးဘူး ကိုစောမောင်ရေ၊ ကျွဲနွားဘက်က နားလည်ပါးလည်ရှိတဲ့ ဘကြီးမှင်ကိုခေါ်ပြမှထင်တယ်'

'အေး . . . ငါ နင်ပြောမှပဲ သတိရတော့တယ်။ နင် နွားနှစ်ကောင်ကို ချည်တိုင်မှ ပြန်ချည်ထားလိုက်။ ငါ ဘကြီးမှင်ကို သွားခေါ်လိုက်မယ်'

ကိုစောမောင်ကမိုးရွာသည်ကိုမှ သတိမထားတော့ဘဲ ဦးဘိုးမှင်၏ အိမ်ဘက်ဆီသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ဆောင်းစရာမပါလာသော်လည်း သူ့အတွက် မိုးဖွဲကို သတိမပြုမိတော့။

'ဘုရား သိကြားမလို့ ဘကြီးမှင် စာဥခွာနာတာကို အမြန်ပျောက်အောင် ကုနိုင်ပါစေ'

ကိုစောမောင်က စိတ်ကူးထဲမှ ရေရွတ်လိုက်သည်။ တကယ်တော့ ဤ သပြေငူရွာတွင် ကျွဲနွားတို့၌ တစ်စုံတစ်ခုသော ရောဂါဘယ ကျရောက်လာပါက ဦးဘိုးမှင်ကို ခေါ်ကြမြဲ။ ဦးဘိုးမှင်ဆိုသည်မှာလည်း ၁၄ နှစ်သားအရွယ်လောက်ကစ၍ ကျွဲနွားနှင့်ဖက်၍ အလုပ်လုပ်ကိုင်လာခဲ့သူမို့ ကျွဲနွားတို့တွင် ရာသီအလိုက်ဖြစ်တတ်သော ရောဂါဘယတို့ကို နားလည်နေသည်။ ထို့ကြောင့် သပြေငူရွာအတွက် ဦးဘိုးမှင်အား တိရစ္ဆာန်ဆရာဝန်တမျှ အားကိုးအားထားပြုကြရသည်။

* * * *

ဦးဘိုးမှင်က စာဥ၏နောက်ခြေထောက်နှင့် မျက်လုံးနှစ်ဖက်ကို ပထမဦးစွာ ကြည့်လိုက်သည်။ ပြီးတော့ စာဥ၏ခေါင်းကို မော့လိုက်ပြီး ပါးစပ်ကို ဖြဲလိုက်သည်။

'ပါးစပ်ထဲမှာလည်း စားမြုံ့ပြန်ပြီးသား အစာတွေရှိနေတယ်၊ ဒါပေမဲ့ မျက်လုံးအိမ်က စီးကျနေတဲ့ မျက်ရည်ကြောင်းတွေတော့ တွေ့ရတယ်။ သူ့ခွာဆစ်တွေ ကြည့်တော့လည်း ရောင်ခြင်း၊ ရမ်းခြင်းမရှိဘူးဟ'

ဦးဘိုးမှင်က စာဥကိုလွှတ်လိုက်ပြီးမှ သူ့တွေ့ရှိချက်ကို ပြောပြလိုက်သည်။ ဦးဘိုးမှင် စကားကြောင့် မသောင်းမြအတွက် စိတ်သက်သာရာ ရမိသော်လည်း ကိုစောမောင်ကတော့ မသိမသာ ခေါင်းခါလိုက်သည်။

'သူ မြေကြီးကို ရဲရဲမနင်းဘဲ ခွာဖျားကလေးနဲ့ ထောက်ရုံထောက် ထားတာက ဘာသဘောလဲ ဘကြီးမှုင်ရဲ့'

'အေး . . . အဲဒီအချက်ကို ရှာရမှာပဲ။ ဒါထက် ခုလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ'

ဦးဘိုးမှုင်က စာဥ၏ခွာဆစ်ကို စေ့စေ့စပ်စပ်ကြည့်ရင်း မေးလိုက် သည်။

'ခုမနက်မှ ဖြစ်တာပဲ ဘကြီးမှုင်ရယ်။ ကျွန်တော် လယ်ထွန်သွား တော့မလို့ ချည်တိုင်က ဖြေလိုက်တော့မှ ခုလိုခြေနာနေတာ တွေ့ရတာပဲ'

'ဟော . . . ဘယ်လိုကွဲ့၊ မင်း လယ်ထွန်နေပြီ ဟုတ်လား'

ဦးဘိုးမှုင်က နွားခွာဆစ်ကိုကြည့်နေရာမှ ကိုစောမောင်ကို မော် ကြည့်ပြီး မေးလိုက်သည်။

'ဟုတ်တယ် ဘကြီးမှုင်ရဲ့။ ဒီနေ့ပါ ထွန်နိုင်မယ်ဆိုရင် နှစ်ရက် ပေါ့'

မသောင်းမြက ဝင်ပြောလိုက်သည်။

'မိုက်ပါဘိ စောမောင်ရယ်။ ခုမိုးရွာ၊ ခုထွန်ချတယ်လို့'

ဘကြီးမှုင်က ဆောင့်ကြောင့်ထိုင်နေရာမှ ထလိုက်သည်။

'ဘာကြောင့်များလဲ ဘကြီးမှုင်ရဲ့'

စောမောင်က ဘကြီးမှုင်ကို နားမလည်နိုင်သလို ကြည့်လိုက်ပြီး မေးလိုက်သည်။

'ဘာကြောင့်လဲလို့များ မေးစရာလိုသေးလား စောမောင်ရယ်။ တစ်နွေလုံး ပူထားတဲ့နေရဲ့အပူရှိန်ဟာ မြေကြီးထဲမှာ ရှိနေတယ်။ မိုးသုံးလေး ခါရွာသည်အထိ ဒီအပူတွေဟာ မစင်သေးဘူး။ အပူငွေ့တွေဟာ အပေါ်

ကို ပျံ့လွင့်တုန်းပဲ။ နောက်မိုးအရွာ ၆ ကြိမ်၊ ၇ ကြိမ်လောက်ရှိပြီး အပူစင်ခါမှ လယ်ကိုထွန်ရတယ်'

'အပူစင်တာ မစင်တာနဲ့ နွားခွာနာတာ ဘာဆိုင်လို့လဲ ဘကြီးမှုင်ရဲ့'

ကိုစောမောင်က ဦးဘိုးမှုင်၏စကားကိုဖြတ်၍ သူသဘောမပေါက်သည်တို့ကို မေးလိုက်သည်။

'သိပ်ဆိုင်တာပေါ့ စောမောင်ရယ်။ မိုးတစ်ခါလောက်ရွာလိုက်တဲ့ အခါမှာ မြေထဲက အပူငွေ့တွေဟာ အပြင်ကိုသိပ်ထွက်တယ်။ အဲဒီကြားမှာ ထွန်နဲ့ခွဲပေးလိုက်တော့ မြေပေါ်ကို ထွက်နေတဲ့အပူရှိန်ရဲ့အဟုန်ဟာ ပိုပြီးပြင်းထန်လာတယ်။ ဒီတော့ နင့်နွားရဲ့ခွာတို့ နှာတို့ မျက်လုံးတို့ကို အပူရှိန်ကရိုက်တယ်။ နှာရည်တွေ မျက်ရည်တွေကျပြီး ခွာကြားတွေနာလာမယ်။ ဒီလိုဖြစ်တာဟာ နင့်ကြောင့်ဖြစ်ရတာပဲ'

ဦးဘိုးမှုင်က ကိုစောမောင်ကို ရှင်းပြရင်း အပြစ်တင်လိုက်သည်။

'ဘကြီးမှုင်ပြောရင်လည်း ခံရတော့မှာပဲ။ ကျွန်တော့်အနေနဲ့ကတော့ လယ်ကို စောစောပြီးချင်တဲ့စိတ်နဲ့ လုပ်လိုက်မိတာပဲ'

ကိုစောမောင်က မျက်နှာသေကလေးနှင့် သူ့အမှားကို ဝန်ခံလိုက်သည်။

'တစ်ခုတော့ မှတ်ထားပေါ့။ မိုးသစ်ရွာစ ထွန်မချနဲ့တဲ့။ ဒါကို လယ်သမားတိုင်း နားလည်ထားရမယ်။ အဲဒီလိုနားမလည်ရင် ခု နင့်နွားစာဥဖြစ်သလို ဖြစ်ရမှာပဲ။ တကယ်လို့နင်သာ စာဥကို ခုအနေမှာ အတင်းလယ်ထွန်မယ်ဆိုရင် စာဥရဲ့ရောဂါဟာလည်း ဒါထက်ကြီးကျယ်လာပြီး တစ်မိုးလုံး လုပ်ခွင်မဝင်နိုင်ဖြစ်သွားမယ်'

'ခု . . . ကျွန်မတို့ စာဥကတော့ ဘာမှမဖြစ်ပါဘူးနော် ဘကြီးမှင်'

မသောင်းမြက ဦးဘိုးမှင်ကို အားကိုးတကြီးမေးလိုက်သည်။ ဦးဘိုးမှင်က စာဥကို တစ်ချက်ကြည့်လိုက်ပြီးမှ သက်မကြီးချလိုက်သည်။

'အင်း . . . ခုအနေတော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ လိုလိုမယ်မယ် ယင်မနားနိုင်အောင် ခြေထောက်တွေကို ဆားရေပက်ထားလိုက်။ ပြီးတော့ သွေ့ခြောက်သန့်ရှင်းတဲ့နေရာမှာ ချည်ထား။ သုံးလေးရက်ဆိုရင် ပျောက်သွားလိမ့်မယ်'

'ပျောက်သွားရင် လယ်ထွန်နိုင်ပါတယ်နော် ဘကြီးမှင်'

'အေး . . . ထွန်နိုင်တယ်။ ဒါပေမဲ့ လယ်ကွက်တွေမှာ ရေအတော်ကလေးတင်မှ ထွန်။ ဒါမှအပူစင်ပြီး မိုးရေက မြေထဲကိုစိမ့်ဝင်တော့ မြေလည်း ပျော့နေမှာပေါ့'

ဦးဘိုးမှင်က စကားအဆုံးတွင် ခါးတွင်ညှပ်ထားသော ဆေးတံကို ထုတ်ယူလိုက်ပြီး ဆေးဖြည့်ကာ မီးညှိလိုက်သည်။

'ငါ စောစောကပြောတာ မှတ်မိရဲ့လားဟေ့ . . . စောမောင်'

ဦးဘိုးမှင်က ဆေးတံကို သုံးလေးဖွာ ဆက်ဖွာပြီး ကိုစောမောင်ကို မေးလိုက်သည်။

'ဘာများလဲ . . . ဘကြီးမှင်ရဲ့'

ကိုစောမောင်က အတော်ကြာအောင် စဉ်းစားပြီးမှ မေးလိုက်သည်။

'လယ်နဲ့ပတ်သက်တဲ့ ဆောင်ပုဒ်လေ၊ နင်သတိမရလည်း သောင်းမြတော့ ရမှာပေါ့။ ကဲ . . . ငါလည်းသွားမယ်ဟေ့'

ဘကြီးမှင်က ပြောပြောဆိုဆိုနှင့် ခမောက်ကိုဆောင်း၍ ထွက်သွားသည်။

ကိုစောမောင်နှင့် မသောင်းမြကတော့ ဘကြီးမှင်၏နောက်ကျော ကို မျက်စိတစ်ဆုံး ကြည့်လိုက်ပြီးမှ တစ်ယောက်ကိုတစ်ယောက် ကြည့် လိုက်သည်။

'မိုးသစ်ရွာစ ထွန်မချနဲ့'

ကိုစောမောင်၏ နှုတ်ဖျားမှ စကားလုံးများက သွက်လက်စွာပေါ် ထွက်လာသည်။

'အပူနဲ့အအေး စတင်တွေ့ထိစမှာ လယ်မထွန်နဲ့လို့ ဆိုလိုတာ ပေါ့နော် ကိုစောမောင်'


'အေးပေါ့ဟ'

ကိုစောမောင်က မသောင်းမြကို ရွှန်းရွှန်းစားစားကြည့်ပြီးမှ မသောင်းမြ၏အမေးကို သုံးလုံးသောစကားဖြင့် လေးလေးနက်နက်ဖြေ လိုက်သည်။

အမှန်တော့ ယခုနံနက်သည် လယ်လုပ်ငန်းနှင့်ပတ်သက်၍ သူ တို့လင်မယားနှစ်ယောက်လုံး အသိသစ်ပညာသစ်ရသော နံနက်ခင်းဖြစ် သည်။ နေ့သစ်၊ အသိသစ်၊ ပညာသစ်နှင့်အတူ သူတို့အတွက် အားသစ် အင်သစ်များကိုလည်း မွေးရပေဦးမည် မဟုတ်ပါလား။

မြဝတီမဂ္ဂဇင်း
ဇူလိုင် ၊ ၁၉၇၂





# အောင်စည်နေမျိုး

# နေပူမိုးရွာ သူမိုးလာ

နှင့်

မြန်မာ့နိုင်ငံရေး အတွေးများ

ထွက်ပြီ